ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ (5-6-2006) (၄၉၇၉)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။



# ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ ကျွဲကူးမြေပေါ်လွှန်းကျင်းကို ကြည့်ရှု သင်္ဘောတည်ဆောက်ရေး နည်းပညာရပ်များ လေ့လာ၍ အဆင့်မြင့်တည်ဆောက်ရေး မှာကြား အစိုးရနည်းပညာကောလိပ် တည်ဆောက်မှုလုပ်ငန်းများကို စစ်ဆေး

ရန်ကုန် ဇွန် ၄

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၃ ရက် နံနက် ၇ နာရီခွဲတွင် မြိတ်မြို့နယ် ကျွဲကူးကျေးရွာအနီးရှိ **King Star Enterprise** ၏ ကျွဲကူး မြေပေါ်လွှန်းကျင်းသို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မြိတ်မြို့သစ်ရှိ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## အင် တာ နက် သ တင်း

**ဂျာ ဗား ကျွန်း ရှိ မီရာ ပီ မီး တောင် မှ အခိုး အငွေ့ များ မှုတ် ထုတ် နေ သည် ကို ဇွန် ၁ ရက် က တွေ့ရ စဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# မြေငလျင်လှုပ်ခဲ့သည့် ဂျာဗားကျွန်းတွင် မီးတောင်အကြီးအကျယ်ပေါက်ကွဲနိုင်ဟု သတိပေး

ဂျကာတာ ဇွန် ၄

**အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် မကြာသေးမီက မြေငလျင်လှုပ်ခဲ့ပြီးချိန်မှစ၍ မီရာပီမီးတောင် လှုပ်ရှားမှုနှုန်းမှာ သုံးဆအထိ မြင့်တက်လာကြောင်း ဇွန် ၄ ရက် အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

မီရာပီ မီးတောင်လှုပ်ရှားမှုအခြေအနေမှာ ပိုမိုပြင်းထန်လာခြင်းကြောင့် ဒုတိယမြောက် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ကြောင်း မြေငလျင်ပညာရှင်များက သတိပေးထားသည်။

မီရာပီ မီးတောင်ပေါက်ကွဲနိုင်သည့် အခြေအနေကို သိပ္ပံပညာရှင်များ သတိပေးလာမှုမှာ လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလပတ်လုံးဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၅-၆-၂၀၀၆
(တနင်္လာနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ယာဉ်အန္တရာယ်မဖြစ်ပွားရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာ

နိုင်ငံတွင် လူမှုစီးပွားရေးအခြေအနေများ တိုးတက်လာသည်နှင့်အညီ မော်တော်ယာဉ်သုံးစွဲမှုနှင့် မော်တော်ယာဉ် စီးရေသည် တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။ မြို့တွင်း၊ မြို့ပြင် ဆက်သွယ်သွားလာရေး လမ်းများကျယ်ဝန်း ကောင်းမွန်လျက်ရှိရာ မော်တော်ယာဉ်များ မိုင်နှုန်းမြင့် မောင်းနှင်လာကြသည်ကို တွေ့နေရသည်။ အချို့သော ယာဉ်မောင်းများက ယာဉ်စည်းကမ်းချိုးဖောက်ခြင်း၊ မဆင်မခြင် မောင်းနှင်ခြင်းများကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားတတ်ကာ သေကျေထိခိုက် ဒဏ်ရာရမှုများ ကြုံတွေ့ကြရသည်။

ယာဉ်တိုက်မှုများ ဖြစ်ပွားသည့်အခါ လူမှုရေးအရ ထိခိုက်နစ်နာမှုများရှိသကဲ့သို့ စက်ကိရိယာ၊ ပစ္စည်းပိုင်းဆိုင်ရာ ဆုံးရှုံးမှုများလည်း ရှိနိုင်ပေသည်။ ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းများကို ဆန်းစစ်ကြည့်လျှင် ယာဉ်မောင်းသူများ၏ ပေါ့လျော့စွာ မဆင်မခြင်မောင်းနှင်မှု၊ စက်ကိရိယာပိုင်း ချို့ယွင်းမှု၊ အနှေးယာဉ်နှင့် ခရီးသွားပြည်သူများ၏ စည်းကမ်းလိုက်နာမှု အားနည်းခြင်းများကြောင့် ဖြစ်ပွားတတ်ကြောင်း တွေ့ရသည်။

ယင်းအကြောင်းအရာများအနက် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှုနှင့် အရှိန်လွန်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ ပိုမိုဖြစ်ပွားလေ့ရှိသည်။ မော်တော်ယာဉ်နှင့် စက်ကိရိယာပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များသည် ရုပ်ပိုင်းဝတ္ထုပစ္စည်းများဖြစ်၍ စစ်ဆေးပြုပြင်ရန် လွယ်ကူသည်။ လူအပိုင်းမှ ချို့ယွင်းအားနည်းချက်များကို ပြုပြင်ရာတွင်မူ စစ်ဆေးကြပ်မတ်သည့် အပိုင်းနှင့် ပြည်သူလူထုအပိုင်းတို့ကပါ တာဝန်သိသိ ဝိုင်းဝန်းလိုက်နာ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ခရီးသွားပြည်သူများ လုံခြုံဘေးကင်းစွာ သွားလာနိုင်ရေးအတွက် ချမှတ်ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ ယာဉ်မောင်းများက တိကျစွာ လိုက်နာမောင်းနှင်ကြရမည်ဖြစ်သည်။

အလားတူ အနှေးယာဉ်များနှင့် ခရီးသွားပြည်သူများကလည်း လူကူးမျဉ်းကျားမှ ကူးဖြတ်ခြင်းအပါအဝင် သတ်မှတ်ပေးထားသော ယာဉ်ကြော၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အစဉ်သတိပြု လိုက်နာကြရန် လိုအပ်မည်ဖြစ်သည်။

ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းများအားလုံးက ယာဉ်စည်းကမ်းများကို အလေးထား၍ တိကျစွာ လိုက်နာမောင်းနှင်ခြင်း၊ ခရီးသွားပြည်သူများအနေဖြင့် လမ်းစည်းကမ်းများနှင့်အညီ အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ခရီးသွားပြည်သူတိုင်း ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။ ။

# အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၄

**ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ချစ်ကြည်ရေးအသင်း ဗူဖို(VUFO)ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သည့် အဖွဲ့ဝင်လေးဦးပါ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်များဖြစ်ကြသော ဦးမောင်မောင်သိမ်းနှင့် ဦးသိန်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသောပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာအောင်ကြီး၊ ဦးကျော်ရီ၊ ဒေါက်တာလှစိန်နှင့် ဦးညွှန့်ဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

## သီတဂူ ရေအလှူတော် တရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၄

စစ်ကိုင်းတောင်ရိုးတွင် တရားအားထုတ်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင် သူတော်စင်တို့အတွက် လိုအပ်သော ရေစီမံကိန်းအလို့ငှာ သီတဂူ ရေအလှူတော်တရားပွဲကို သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဇ္ဈိမာရုံကျောင်းရှိ ရွှေဥရတနာရွှေကျောင်းတော်တွင် ကျင်းပမည်ဖြစ်သည်။

ဇွန် ၉ရက်တွင် အရှင်ဒေဝိန္ဒာဘိဝံသ (သာမဏေကျော်၊ သကျသီဟ၊ ဓမ္မာစရိယ)၊ ဇွန် ၁၀ရက်တွင် အရှင်ဉာဏိဿရ (D.Litt, Ph.D)၊ ဇွန် ၁၁ရက်တွင် အရှင်တေဇိန္ဒ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ဇွန် ၁၂ရက်တွင် အရှင်ဣန္ဒာစရိယ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)တို့က တရားတော်များ ဟောကြားချီးမြှင့်တော်မူမည် ဖြစ်သည်။

ရေအလှူတော်အတွက် သီးသန့်ပါဝင် ကုသိုလ်ယူလိုသူများ ဖုန်း- ၀၉-၉၉-၂၂၁၀၅၊ ၀၉-၅၁-၅၆၇၄၄၊ ၀၉-၅၀-၁၆၆၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဒဂုံတက္ကသိုလ် သချၤာကျောင်းသားဟောင်းများ ဗုဒ္ဓပူဇနီယပွဲနှင့် ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၄

ဒဂုံတက္ကသိုလ် (၁၉၉၅-၂၀၀၂)သချၤာကျောင်းသား၊ ကျောင်းသူ/ဟောင်းများက ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ပြန်လည်ပြုပြင်တည်ထားပြီး၊ ရွှေထီးတော်တင်လှူခဲ့သည့် ပညာသိပ္ပံဓမ္မရုံသီစေတီ ဗုဒ္ဓပူဇနီယပွဲနှင့် သချၤာဌာနဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက် မွန်းလွဲ ၁နာရီတွင် တာမွေမြို့နယ် အလိုတော်ပြည့် ကျောင်းတိုက်၌ ပြုလုပ်မည်ဖြစ်သည်။ သချၤာကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆရာဦးမျိုးတင့် ဖုန်း-၀၉၅၀၀ ၅၆၅၇၊ ကိုဘုန်းနိုင် ဖုန်း-၀၉ ၅၁ ၂၁၉၃၁၊ ၀၉ ၅၁ ၂၁၉၃၂၊ ကိုခင်မောင်မောင် ဖုန်း-၇၀၀၇၉၀၊ ကိုကျော်မျိုးအောင် ဖုန်း-၆၈၂၃၆၂၊ မထွန်းစန္ဒာထွန်း ဖုန်း-၀၉ ၅၁ ၃၇၅၉၉ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းသွယ်နေ နှစ်ဖက်အမိအဖတို့အား အမှူးထား၍ သီဟသူရဦးသိန်းထွန်းတင်၏ မွေးနေ့အဖြစ် ဇနီး၊ သားသမီး၊ မြေးများက ငွေကျပ် ၅၀၀၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန် အထက(၁)ရောခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက ဗလာစာအုပ် ၅၁ဒါဇင်ကို ခရိုင်ပညာရေးမှူး ဦးရန်နောင်သို့ ပေးအပ်လှူဒါန်းစဉ်။** (၆၁)

## ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၄

သဃ်န်းကျွန်းမြို့နယ် ဓ/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိက မင်္ဂလာရိပ်သာတွင် ဇွန် ၁၁ ရက်မှ ၁၇ရက်ထိ ရိပ်သာဆရာတော် ဘဒ္ဒန္တကုမာရ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးရှင် ရွှေမင်းဝံ ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ ညစဉ် ၇နာရီမှစ၍ သံတွဲဆရာတော် ဦးသုန္ဒရ (မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ)၊ မအူပင် ဦးကုမုဒ၊ ဟင်္သာတ ဦးပညာဒီပ၊ ပုသိမ် ဦးနန္ဒမာလာ၊ မန္တလေး နဂါးပရိယတ္တိစာသင်တိုက် ဦးဝါသေဋ္ဌ၊ ကျုံပျော် ဦးသီရိန္ဒ ဓမ္မကထိကများက တရားတော် ဟောကြားမည်ဖြစ်သည်။ ယောဂီများ ဇွန် ၁၀ရက် မွန်းလွဲ ၁နာရီနောက်ဆုံးထား လာရောက်ကြရမည်ဖြစ်ပြီး ဖုန်း-၅၇၁၉၂၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ တိုင်းအဆင့် ရဲကျင့်ဝတ် စံပြရဲ ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ၂၀၀၆ခုနှစ် တိုင်းအဆင့် ရဲကျင့်ဝတ်ရေးဖြေစာမေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရဲမှူးအဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင် ၁၁၉ဦး ဝင်ရောက်ဖြေဆိုကြသည်။

အလားတူစံပြရဲ ရေးဖြေစာမေးပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ ရဲအုပ်အဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင် ၉၆ဦး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲကျင်းပရာသို့ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဆယ်မောင်နှင့် ဌာနခွဲမှူးများ၊ ခရိုင်ရဲမှူးများ၊ ဦးစီးအရာရှိများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

**တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်အလိုက် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးလျက်ရှိရာ ဇွန် ၄ ရက်က (၁၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့်အဖွဲ့ ရပ်ကွက်အတွင်းရှိ မြေလွတ်ကွက်လပ်များတွင် ခြံစည်းရိုးကြက်ဆူပင်များအား ပြုစုပျိုးထောင်စဉ်။** (က-ပ)

# လူတိုင်းကျန်းမာ အသက်ရှည်စွာနေထိုင်နိုင်ရေး

ဆရာဦးဇော်ဝင်း
(စိမ်ကိန်း–ငြိမ်း)

ကျန်းမာသက်ရှည် နေထိုင်နိုင်ရေးသည် လူတိုင်းလိုလား တောင့်တကြသည့် ဆန္ဒပင်ဖြစ်သည်။ အသက်ရှည်နေရသော်လည်း မကျန်းမမာဖြစ်နေပါက ဒုက္ခပင်ဖြစ်သည်။ သက်တမ်းစေ့နေရပြီး ကျန်းမာရေးပြည့်စုံနေပါက အကောင်းဆုံးပင်ဖြစ်သည်။

သိပ္ပံနည်းကျ နေထိုင်စားသောက်ခြင်း၊ ဆေးဝါးများကို အသုံးပြုခြင်းဖြင့် အသက်ရှည်ရာရှည်ကြောင်း ပြုလုပ်နိုင်ကြပေသည်။ အသက်ကိုဉာဏ်စောင့်ပါသည်။ လူ့ဘဝတွင် အနာမဲ့ ပြီး အသက်ရှည်နေထိုင်နိုင်ရန် သိပ္ပံနည်းကျသော အခြေခံအကြောင်းတရား လေးရပ်ရှိပါသည်။ ၎င်းတို့မှာ–

- **ကံ**
- **စိတ်**
- **ဥတု**
- **အာဟာရ** တို့ဖြစ်ကြပါသည်။

ရောဂါဘယ မခံစားရမီ ဤလေးချက်ကို သတိချပ်ရပါမည်။ ဉာဏ်ဖြင့်ဆင်ခြင်စောင့်ထိန်းနေထိုင်ရမည် ဖြစ်ပါသည်။

**ကံ**ဆိုသည့်အချက်ကို ရှင်းရသော် ဘယ်သူမပြု မိမိမှုပင်ဖြစ်ပါသည်။ **လွန်၊ ယုတ်၊ လွဲ၊ မှား** ဟူသည့် ပြုမူကျင့်ကြံနေထိုင်သောအချက်၌ ကံကိုဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် အသိဉာဏ်ဖြင့်ယှဉ်ပြီး ကျင့်ကြံနေထိုင်တတ်မှ ကံကောင်းပါမည်။ ဥပမာ မိမိခံနိုင်ရည် စွမ်းရည်ကို ပိုမိုစွမ်းဆောင်လုပ်ကိုင်ခြင်းသည် အလွန်အမင်း ကျင့်ကြံမှုဖြစ်၍ ရောဂါဘယကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် သမုဒ္ဒာန်လေးပါးဖြစ်သည့် လွန်၊ ယုတ်၊ လွဲ၊ မှားကို အသိဉာဏ်ရှိရှိ ကျင့်ကြံနေထိုင်ရပေမည်။ ကျန်းမာရေးမဆိုထားဘိ စီးပွားရေးလုပ်ငန်း၌ပင် မိမိအသိဉာဏ်ဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင်မှ ကြီးပွားချမ်းသာပြီး ကံကောင်းပါမည်။

**စိတ်**–ဟူသောအချက်ကို ရှင်းရသော် ဘာသာတရား ကိုင်းရှိုင်းသူများသည် စိတ်ရှည်တတ်ကြသည်။ သည်းခံတတ်ကြသည်။ ခွင့်လွှတ်တတ်ကြသည်။ စိတ်အမြဲ တိုနေသော လူတစ်ယောက်သည် သွေးတိုးရောဂါ ခံစားရပေမည်။ တစ်ဆက်တည်း နှလုံးရောဂါခံစား၍ အသက်အန္တရာယ်ကိုပင် ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့်လည်း သိပ္ပံပညာထွန်းကားသည့် အနောက်နိုင်ငံများမှ နိုင်ငံခြားသားများပင်လျှင် မြန်မာနိုင်ငံသို့လာရောက်ပြီး တရားထိုင်ကာ စိတ်ချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှုကို ရှာနေကြသည်။“စိတ်ကျန်းမာမှ ကိုယ်ကျန်းမာမည်” ဆိုသော စကားရပ်ကို အနောက်တိုင်းဆေးပညာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပေသည်။ စိတ်သာ ရှင်စောဘုရားဟောဟု အဆိုရှိပါသည်။ အလိုရမ္မက်ကြီးခြင်းသည်လည်း စိတ်ရောဂါကို ဖြစ်ပေါ်ခံစားရနိုင်ပါသည်။ မိမိအင်အား၊ မိမိ၏ လုပ်ရည်ကိုင်ရည် ပညာအရည်အချင်းအရ အကျိုးကျေးဇူး ခံစားရနိုင်ပါသည်။ မိမိနှင့် မသင့်လျော်သည့် လိုအင်ဆန္ဒကို မိမိကတမ်းတနေလျှင် တမ်းတရုံပဲရှိပါမည်။ မခံစားမရရှိနိုင်ဘဲ စိတ်ရောဂါသာ ခံစားရပါမည်။ ထိုအခါ ကျန်းမာရေးကို ထိခိုက်လာပါမည်။ ဥပမာ–စိတ်ရောဂါနှင့် ဆက်စပ်နီးနွယ်လျက်ရှိသော ရောဂါများဖြစ်သည့် ပန်းနာရောဂါ၊ နှလုံးရောဂါ၊ အာရုံကြော အားနည်းသည့်ရောဂါ၊ မီးယပ်ရောဂါ အစရှိသည့် ရောဂါများ ဖြစ်ပေါ်စေတတ်ပါသည်။

**ဥတု** –ဟူသော အချက်ကိုရှင်းရသော် အသိဉာဏ်ရှိသော လူသားတို့သည် သဘာဝရာသီဥတုနှင့် ကိုက်ညီစွာနေထိုင်တတ်ရပေမည်။ လူသားတို့သည် သဘာဝတရားကိုအခြေခံပြီး ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် အမှန်တကယ်လိုအပ်သော ဥတုအကြိုက် နေထိုင်တတ်ရန်မှာ လွန်စွာ အရေးကြီးပေသည်။ ရာသီဥတုနှင့်ကိုက်ညီသော အဝတ်အစားများကို ဝတ်စားဆင်ယင်နေထိုင် တတ်ရပေမည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ရာသီအလိုက် မည်သို့မည်ပုံ နေထိုင်ရမည်ဆိုသော သတိပေးနှိုးဆော်ချက်သည် လိုက်နာကျင့်ကြံဆောင်ရွက်သင့်သောအချက်များပင် ဖြစ်ပါသည်။

ယခုအခါ မိုးရာသီ ကျရောက်စပြုလာနေပြီဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာအရ မိုးရာသီတွင် ဝါယောဓာတ်၊တစ်နည်းအားဖြင့် လေဒေါသဖောက်ပြန်ပျက်စီးတတ်၍ လေကိုနိုင်နင်းစေတတ်သော အခါးအရသာအပါအဝင် အချို၊ အချဉ်၊ အငန်အရသာရှိသော ဆေးအစာများကို ဦးစားပေးရွေးချယ်စားသောက်ရမည်ဖြစ်ပါသည်။ သို့မှသာ မိုးဥတုတွင် ဝါယောဓာတ်ဖောက်ပြန်၍ဖြစ်သော အစာမကြေခြင်း၊ လေပွခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းတို့မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ မိမိတို့အိမ်သုံးဆေးအဖြစ်ထားရှိသော အစာကြေဆေး၊ မတဲမြင်းမိုရ်ကုန်းဆေး၊ သွေးဆေးလျက်ဆား၊ လေမျိုးရှစ်ဆယ်လျက်ဆားတို့ကို ကြိုတင်ကာကွယ်ဆေးအဖြစ် သုံးနိုင်ပါသည်။

**အာဟာရ**–ဆိုသောအချက်ကိုရှင်းရသော် လူတိုင်း၊ လူတိုင်းသည် အစာအာဟာရ စားသောက်၍သာ အသက်ရှင်ရပ်တည်ကြရပါသည်။ အစားအစာစားသောက်ရခြင်းမရှိပါက မည်သည့်သက်ရှိ သတ္တဝါမျှ အသက်ရှင် နေနိုင်မည်မဟုတ်ပါ။ အာဟာရအတွက် နေ့စဉ် အစားအစာများ စားသုံးရာ၌ ကျန်းမာရေးအသိရှိရှိဖြင့် ဆင်ခြင်စားသုံးတတ်ရန် လွန်စွာအရေးကြီးပါသည်။ အာဟာရပြည့်စုံစွာ စားသုံးနိုင်ရန် ပဲမျိုးစုံစားသုံးခြင်းဖြင့်အသားဓာတ်ကို ရရှိနိုင်သကဲ့သို့ ဟင်းနုနယ်၊ ဒန့်သလွန်ရွက် အစရှိသည်တို့ကို စားသုံးခြင်းဖြင့် သံဓာတ်ကိုလည်းရရှိနိုင်ပါသည်။ အဆီဓာတ်များသူများသည် ဆီးဖြူသီး၊ ဖန်ခါးသီး၊ ကန့်ကလာ စသည့် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းဖြင့် အဆီချနိုင်ပါသည်။ ထို့ကြောင့် ဈေးကြီးပေးဝယ်စားနိုင်တိုင်းလည်း ကျန်းမာရေးအတွက် ကောင်းမွန်သည်ဟုမဆိုနိုင်ပေ။ စဉ်းစားချင့်ချိန်ပြီး နေထိုင်စားသောက်ပါက အာဟာရပြည့်မီပြီး ကျန်းမာသုခကို ခံစားရရှိနိုင်ပါသည်။

အထက်ပါ အခြေခံအကြောင်းတရားများဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြင့် ညီညွတ်မျှတစွာ နေထိုင်နိုင်ရေးအတွက် သက်ရှိ၊ သက်မဲ့အားလုံးတို့၏ ဖြစ်စဉ်ကိုလွှမ်းမိုးထားသော ဓာတ်ကြီးလေးပါး ဖြစ်သည့်–

**–ပထဝီဓာတ်(မြေဓာတ်)**

**–အာပေါဓာတ်(ရေဓာတ်)**

**–တေဇောဓာတ်(အပူဓာတ်)**

**–ဝါယောဓာတ်(လေဓာတ်)** တို့ကိုလည်း ယေဘုယျအားဖြင့် သိရှိနားလည်ထားရန် လိုအပ်ပေသည်။

၎င်းဓာတ်ကြီးလေးပါးကို အသိဉာဏ်ဖြင့်ယှဉ်ကာ ညီညွတ်မျှတစေအောင်နေထိုင်ပြီး ကျန်းမာသက်ရှည်ရန် ပြုလုပ်နိုင်ပါသည်။ ထိုသို့ဓာတ်ကြီးလေးပါး ညီညွတ်မျှတစေရန် မိမိအသိဉာဏ်ဖြင့်လည်းကောင်း၊ တတ်ကျွမ်းနားလည်သော တိုင်းရင်းဆေးသမားတော်များဖြင့် တိုင်ပင်အကြံယူ၍ ညွှန်ကြားသောဆေးဝါးများကို မှီဝဲခြင်းဖြင့်လည်းကောင်း ကျန်းမာသက်ရှည် နေနိုင်ပေသည်။ ဓာတ်ကြီးလေးပါးတိုင်းတွင် ဓာတ်ဆောင်၊ ဓာတ်ပျက်၊ ဓာတ်ခိုက်၊ ဓာတ်ငုပ်၊ ဓာတ်လွန်၊ ဓာတ်ဆုံး၊ ဓာတ်ချုပ်ဟူ၍ အပြစ်ခုနစ်ချက် ပေါ်ပေါက်လာ နိုင်ပါသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရအခြေခံလေးချက်မှ တစ်ခုခု ချို့ယွင်း၍ ဓာတ်ကြီးလေးပါးဖောက်ပြန်ပါက ရောဂါများ အလွယ် တကူကျရောက်လာမည်ဖြစ်ပါသည်။ တတ်ကျွမ်းနားလည်သော ဝါရင့် တိုင်းရင်းဆေးသမားတော်ကြီးများသည် လူနာအားသွေးစမ်းရုံဖြင့် ဤ အချက်များကို မည်သည့်အချက်ကြောင့်ဟု အတပ်ပြောနိုင်ပါသည်။ ထိုအချက်ကို ကောက်ချက်ချကာ လိုအပ်သော ဓာတ်ညှိဆေးများပေးပါက ရောဂါကောက်ချက်နှင့် ဆေးချက်ညီလျှင် ရောဂါအလွယ်တကူ သက်သာပျောက်ကင်းနိုင်ပါသည်။

ဥပမာ–ဥဏှတေဇောခေါ် အပူဓာတ်လွန်ကဲ ထကြွမည်ဆိုပါက Heart Burn ခေါ် နှလုံးပူလောင်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ ခန္ဓာကိုယ်အနှံ့ အဖုအကျိတ်များ ပေါက်ခြင်း၊ မီးယပ်အဖြူဆင်းခြင်း၊ မီးယပ်သွေးဆင်းလွန်ခြင်း စသည့်ရောဂါများ ဖြစ်ပေါ်ခံစားရလေ့ရှိပါသည်။ ထိုသို့ အပူလွန်ကဲလာပါက အပူကိုငြိမ်းသတ်နိုင်သော အပူငြိမ်းဆေး၊ သည်းခြေဆေးကဲ့သို့ အပူနိုင်ဆေးများ ပေးကျွေးရပါမည်။ အစာအာဟာရအနေဖြင့် အေး၊ ချို၊ ဆိမ့်၊ ဖန် အရသာရှိသော ဟင်းသီး၊ ဟင်းရွက်၊ သစ်သီးဝလံများကို ဓာတ်စာအဖြစ် ကျွေးမွေးကုသရမည်ဖြစ်ပါသည်။ ဥပမာ–ဘူးသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သင်္ဘောသီး၊ လိမ္မော်သီး၊ နာနတ်သီး၊ စတော်ဘယ်ရီသီး၊ မင်းကွတ်သီး အစရှိသည့် အသီးအနှံများကို စားသုံးသင့်ပါသည်။

ဥဏှတေဇော (ခေါ်) အပူဓာတ်အားနည်း၍ ငုပ်လျှိုးသွားပါက ချမ်းတုန်လာခြင်း၊ အအေးမိခြင်း၊ တုပ်ကွေးဖျား၊ နှာစေးချောင်းဆိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ နှလုံးသွေးကြောကျဉ်းခြင်း အစရှိသည့် ရောဂါလက္ခဏာများ ဖြစ်ပေါ်ခံစားလာရမည်ဖြစ်ပါသည်။ အဆိုပါရောဂါလက္ခဏာများ ခံစားရပါက အခိုးပွင့်၍ အာဟာရဖြစ်စေသော ပူ၊ ခါး၊ စပ် အရသာရှိသည့် ဆေးများဖြစ်သည့် တိုင်းရင်းဆေးကုဌာနသုံး လေးညှင်း ကလာပ်၊ ပြည်လုံးချမ်းသာ၊ သဗ္ဗဇေယျကဲ့သို့သော ဆေးများကို တိုက်ကျွေး ကုသရမည်ဖြစ်ပါသည်။ အစာအာဟာရအနေဖြင့် ပူ၍ပွင့်စေတတ်သော အစားအသောက်များကို ဦးစားပေးကျွေးမွေးရပေမည်။ ဥပမာ–ရှောက်သီးသုပ်၊ ကြာဆန်ဟင်းခါး၊ ရခိုင်မုန့်တီ၊ ရဲယိုရွက် ငါးပေါင်းထုပ်၊ ဒန့်သလွန်ဟင်းခါး၊ ဉသျှစ်သီး၊ ဉသျှစ်ရွက်၊ ရှောက်သီး၊ ရှောက်ရွက်၊ ရဲယိုရွက်၊ ရဲယိုသီး၊ ငရုတ်ကောင်း၊ ချင်း၊ ကြက်သွန်ဖြူ အစရှိသည့် အစားအသောက်အသီးအနှံများကို ပေးကျွေးရပါမည်။ ကံကိုပြုပြင်ပေးသည့်အနေဖြင့် လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ကြိုးခုန်ခြင်း၊ မိမိနှစ်သက်သော အားကစားနည်းတစ်မျိုးမျိုး လေ့ကျင့်ပြုလုပ်ခြင်းတို့ဖြင့် အခိုးပွင့်ချွေးထွက်စေရန် ဆောင်ရွက်နိုင်ပါသည်။

ဆောင်းရာသီတွင် သီတတေဇောနှင့် ပထဝီအာပေါလွန်ကဲပတ်ဖွဲ့မှုကြောင့် ချွေးငုပ်ခြင်း၊ နှာစေးအအေးမိခြင်း၊ ချောင်းဆိုး ရင်ကျပ်ခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်း အစရှိသည့် ရောဂါလက္ခဏာများဖြစ်ပေါ်လာတတ်ပါသည်။ ထိုအခါ အပတ်အဖွဲ့ပြေစေတတ်သော သလိပ်ကိုကြေစေနိုင်သည့် အချဉ်အရသာ အပါအဝင် ပူ၊ ခါး၊ စပ် အရသာရှိသည့် ဆေးအစာများကို ဦးစားပေး ရွေးချယ်စားသောက်ရပါမည်။ ဥပမာ– ပုတတ်စာ၊ ဆိတ်ဖူး၊ ပတဲကော၊ ဉသျှစ်၊ ငရုတ်ကောင်း၊ ချင်း၊ ရဲယိုရွက်၊ ရဲယိုသီး၊ ကြက်သွန်ဖြူ၊ သံပရာသီး၊ ရှောက်သီး၊ ချဉ်စော်ကားသီး၊ စောင်းလျားသီး၊ ငွေချိုသီး၊ မက်မန်းသီး အစရှိသည့် အသီးအရွက်များကို စားသုံးသင့်ပါသည်။

> **အခြေခံ အကြောင်းတရားဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တစ်ခုခုချို့ယွင်းပါက သက်ရှိ၊ သက်မဲ့တို့၏ ဘဝဖြစ်စဉ်ကို ဖြစ်ပေါ်စေနိုင်၊ ပျောက်ပျက်စေနိုင်သည့် ပထဝီဓာတ်(မြေဓာတ်)၊ အာပေါဓာတ်(ရေဓာတ်)၊ တေဇောဓာတ်(အပူဓာတ်)၊ ဝါယောဓာတ် (လေဓာတ်)တို့သည် ညီညွတ်မျှတမှုမရှိတော့ဘဲ ရောဂါဝင်လာနိုင်သည်ကို တွေ့ရပေသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ဓာတ်ကြီးလေးပါးတို့ကို ညီညွတ်မျှတစေရန် နေထိုင်စားသောက်ပါက ရောဂါဝင်ရောက်နိုင်မှု လွန်စွာ နည်းပါးပါမည်။**

အထက်ဖော်ပြခဲ့သည့် အကြောင်းတရားများကို သုံးသပ်ထောက်ရှုသော် အခြေခံအကြောင်းတရားဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တစ်ခုခုချို့ယွင်းပါက သက်ရှိ၊ သက်မဲ့တို့၏ ဘဝဖြစ်စဉ်ကို ဖြစ်ပေါ်စေနိုင်၊ ပျောက်ပျက်စေနိုင်သည့် ပထဝီဓာတ် (မြေဓာတ်)၊ အာပေါဓာတ် (ရေဓာတ်)၊ တေဇောဓာတ် (အပူဓာတ်)၊ ဝါယောဓာတ် (လေဓာတ်) တို့သည် ညီညွတ်မျှတမှုမရှိတော့ဘဲ ရောဂါဝင်လာနိုင်သည်ကို တွေ့ရပေသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ဓာတ်ကြီးလေးပါးတို့ကို ညီညွတ်မျှတစေရန် နေထိုင်စားသောက်ပါက ရောဂါ ဝင်ရောက်နိုင်မှု လွန်စွာနည်းပါးပါမည်။

သို့ဖြစ်ပါ၍ လူတိုင်း ကျန်းမာ၍ သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသည့် အကြောင်းတရားလေးပါး ဖောက်ပြန်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ အာပေးချီးမြှင့်မှုကြောင့် မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေးတက္ကသိုလ်ကြီး သာမက ပြည်နယ်နှင့်တိုင်း အသီးသီးတွင် တိုင်းရင်းဆေးရုံ ၁၄ ရုံ၊ ခရိုင်နှင့်မြို့နယ်များတွင် တိုင်းရင်းဆေးကုဌာန ၂၃၇ ဌာနရှိနေပြီဖြစ်ပါသည်။ မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှ နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးလျက်ရှိသောကြောင့် ထိုပညာရှင်များနှင့်လည်းကောင်း၊ အခြားတိုင်းရင်းဆေးဆရာများနှင့်လည်းကောင်း အလွယ်တကူ ဆွေးနွေးတိုင်ပင်ပြီး ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ရရှိခံစားနိုင်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ယန်စီမြစ် ခရီးစဉ်များ တိုးချဲ့မည်

**ပေကျင်း ဇွန် ၃**

တရုတ်နိုင်ငံ၏ အရှည်လျားဆုံးမြစ်ဖြစ်သည့် ယန်စီမြစ်အတွင်း ကမ္ဘာလှည့်ခရီးသည်များအတွက် အပျော်စီးသင်္ဘောခရီးစဉ်များ ပြေးဆွဲမှုလုပ်ငန်းများကို တိုးချဲ့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၁ ရက်တွင် ပြောကြားသည်။

ယန်စီမြစ်အတွင်း သင်္ဘောစီးကာ သာယာလှပသည့် သဘာဝအလှအပများကို ကြည့်ရှုခံစားနိုင်သော သင်္ဘောခရီးစဉ်များကို ပြေးဆွဲပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဝိတိုရိယ အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်း အမည်ရှိ ကုမ္ပဏီသည် အပျော်စီးသင်္ဘောခရီးစဉ်များ တိုးချဲ့မည့် ကုမ္ပဏီများတွင်ပါဝင်သည်။ ယင်းကုမ္ပဏီသည် ယခုနှစ်တွင် ၁၀၆ မီတာရှည်လျားသော အပျော်စီးသင်္ဘောတစ်စင်းကို တိုးချဲ့ပြေးဆွဲမည်ဖြစ်သည်။ ယန်စီမြစ်ကြောင်းအတိုင်း သင်္ဘောစီးကာ အပန်းဖြေမည့် ကမ္ဘာလှည့်ခရီးသည်များသည် မကြာသေးမီက တည်ဆောက်ခဲ့သော မြစ်ကျဉ်းသုံးသွယ် ရေကာတာစီမံကိန်းတည်ရှိရာနေရာ၌ လည်ပတ်ကြည့်ရှုနိုင်မည့်အပြင် မြစ်ကြောင်းအတိုင်း စုန်ဆင်းကာ မြစ်ကမ်းပါးအလှအပများကို ကြည့်ရှု ခံစားနိုင်မည်ဖြစ်သည်။

***အင်တာနက်။***

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျကာတာမြို့ရှိ ငလျင်ဒုက္ခသည် စခန်းတစ်နေရာကို ဇွန် ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကလေးပြန်ပေးဆွဲမှုများ တရုတ်ရဲတပ်ဖွဲ့ ဖော်ထုတ်နိုင်

**ပေကျင်း ဇွန် ၃**

တရုတ်နိုင်ငံတွင် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိကလေးများကိုပြန်ပေးဆွဲသည့် အမှုပေါင်း ၄၉၁၁ မှုကို တရုတ်ရဲတပ်ဖွဲ့က ဖော်ထုတ်ခဲ့ကြောင်း၊ ထိုအမှုများနှင့်အတူ ကလေး ၁၀၀၀၀ ခန့်ကိုလည်းကယ်တင်ပေးနိုင်ခဲ့ကြောင်းတရုတ်နိုင်ငံတော်ကောင်စီအောက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လမ်းများတွင် ကလေးများ တောင်းရမ်းစားသောက်မှုများ မဖြစ်အောင် ကလေးအခွင့်အရေးများ ထိပါးမှုကို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကလေးများကို တရားမဝင် အလုပ်လုပ်ကိုင်စေခြင်းကို တိုက်ဖျက်ရန် အလုပ်သမားဝန်ကြီးဌာနနှင့်လူမှုလုံခြုံရေးနှင့် တရားရေးဝန်ကြီးဌာနတို့က အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အစ္စရေးနှင့်အမေရိကန် ရှေးဟောင်းသုတေသနပညာရှင်များ ဂျော်ဒန်ချိုင့်ဝှမ်းရှိ ကျောက်ခေတ်ဦးနေအိမ်ကို စူးစမ်းလေ့လာ

အမ္မန် ဇွန် ၃

**ဂျော်ဒန်ချိုင့်ဝှမ်းဒေသရှိ ကျောက်ခေတ်ဦး နေအိမ်ကို လေ့လာစူးစမ်းရှာဖွေမှုပြုလုပ်နေကြသော အစ္စရေးနှင့် အမေရိကန် ရှေးဟောင်းသုတေသန ပညာရှင်များသည် မီးသင့်ထားသော ကတွတ်သီးအချို့ကို တွေ့ရှိခဲ့ကြသည်။**

ထိုကတွတ်သီးများသည်ရှေးနှစ်ပေါင်း ၁၁၂၀၀ နှင့် ၁၁၄၀၀ ကာလအတွင်းမှ အသီးများဖြစ်ကြောင်း စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ကြသည်။ ယင်းအပြင် ထိုအသီးများ၏ အနေအထားသည် သဘာဝအတိုင်းတွေ့ရသောကတွတ်သီးများနှင့်မတူဘဲထူးခြားနေသည်ကိုတွေ့ရသည်။ ဤအသီးများ၏ဖြစ်တည် နေမှုသည် လူတို့က ဖန်တီးထုတ်လုပ်စိုက်ပျိုးထားသည့် လက္ခဏာမျိုး တွေ့ရသည်ဟု ဆိုသည်။

**ဖော်ညွှန်း**

သို့ဖြစ်လျှင် ထိုကတွတ်သီးများက လူသားတို့ စိုက်ပျိုးရေးကို စတင်လုပ်ကိုင်နေပြီဆိုသော အချိန်ကာလကို ဖော်ညွှန်းနေခြင်းပင် ဖြစ်မည်ဟု သိပ္ပံပညာရှင်များကယူဆကြသည်။ စိုက်ပျိုးရေးကို စတင်လုပ်ကိုင်လာသည်နှင့် အမျှ အမဲလိုက်သောဘဝ၊ သဘာဝအားဖြင့်ပေါက်ရောက်နေသောသစ်သီး၊ သစ်ဥ၊ သစ်နံ့များကို လိုက်လံ စုယူဆွတ်ခူးနေရသောဘဝမှ လွတ်မြောက်လာသည့် ကနဦးကာလပင် ဖြစ်မည်ဟု ဆိုသည်။

**တွေ့ရှိ**

ရှေးဟောင်းသုတေသီတစ်စုသည် ၁၈ မီလီမီတာခန့်အရွယ်ရှိ ကတွတ်သီးကိုးခုနှင့် ကတွတ်သီး အစအနပေါင်း ၃၁၃ ခုတို့ကို ဂျော်ဒန်ချိုင့်ဝှမ်းအတွင်း ဂီလ်ဂါလ်အရပ်တွင် တွေ့ခဲ့ကြခြင်းဖြစ်သည်။ တွေ့ရှိရသော ပစ္စည်းနှင့် အဆောက်အအုံ အထောက်အထားများအရ ယင်းခေတ် အခါကာလသည် ကျောက်ခေတ်ဦး ကာလပင်ဖြစ်မည်ဟု ယူဆကြသည်။

**ယုံကြည်**

ယင်းအရပ်တွင် တွေ့ရှိထားသော ကတွတ်သီးများမှာ ကတွတ်သီးရိုင်းများ မဟုတ်ဘဲ လူတို့ ဖန်တီးထားသော ကတွတ်သီးများပင်ဖြစ်မည်ဟုဟားဗတ်တက္ကသိုလ်နှင့် အစ္စရေး ဘာအီလန်တက္ကသိုလ်တို့မှပညာရှင်တို့က ယုံကြည်ကြသည်။ ကတွတ်ပင်မျိုးများမှာ အစေ့မရှိသည့်အတွက် သာမန်အားဖြင့် အပင်သစ်တစ်ပင်ဖြစ်လာရန် မလွယ်ပေ။ ရှားရှားပါးပါး မျိုးထွန်းလာသော အခြေအနေမျိုးတွင်သာ အပင်သစ်ဖြစ်လာ တတ်သည်။ သို့ဖြစ်၍ ထိုအချက်ကို သတိပြုမိသော လူသားသည် မျိုးထွန်းသော ကတွတ်ပင်ကို ရယူကာ စိုက်ပျိုးခြင်းဖြင့် ကတွတ်သီးများကို ရယူခဲ့ဟန်ရှိသည်ဟု သုတေသီ ပါမောက္ခ အိုဖာဘာယူဆွတ်နှင့်အဖွဲ့က မှန်းဆကြသည်။

***အင်တာနက်။***

ဟောင်ကောင်ကျွန်း၏ တောင်ပိုင်းတွင် ဖွင့်လှစ်ထားသော သမုဒ္ဒရာဥယျာဉ်၌ ကောင်းကင်ကြိုးရထားဖြင့် ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါစီးနင်းနေသည်ကို ဇွန် ၃ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကျားသူပုန်အဖွဲ့ ဆွေးနွေးရန် သဘောတူ

**ကိုလံဘို ဇွန် ၃**

သီရိလင်္ကာနိုင်ငံရှိ တမီးလ်ကျားသူပုန်အဖွဲ့သည်ဥရောပသမဂ္ဂအဖွဲ့(အီးယူ)က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရန် ခြိမ်းခြောက်ထားစဉ် နော်ဝေနိုင်ငံ အော်စလိုမြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန် သဘောတူညီလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် အပစ်အခတ်ရပ်စဲမှု တည်မြဲစေရန် ရည်ရွယ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ပါဝင်မည်ဖြစ်ကြောင်း တမီးလ်အီလမ်လွတ်မြောက်ရေး ကျားသူပုန်အဖွဲ့ (အယ်လ်တီတီအီး)က ထုတ်ပြန်ကြေညာသည်။

အဖွဲ့ဝင် ၂၅ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂသည် ကျားသူပုန်အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ယခုရက်သတ္တပတ်၌ အလှူရှင်နိုင်ငံများ၏ အစည်းအဝေးကျင်းပသည့်အခါ ကျားသူပုန်အဖွဲ့၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ ပြစ်တင်မှုများ ပြုလုပ်ဖွယ်ရှိသည်။ သီရိလင်္ကာနိုင်ငံတွင် ဒီဇင်ဘာလမှစ၍ ကျားသူပုန်အဖွဲ့က တိုက်ခိုက်မှုများပြုလုပ်ခဲ့၍ လူပေါင်း ၆၀၀ခန့် သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ ဆိပ်ကမ်းတွင် လုံခြုံရေးကင်းလှည့်နေသည့် မော်တော်ဘုတ်တစ်စင်းကို ဇွန် ၃ ရက် က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ဥရောပတွင် လူမှောင်ခိုဂိုဏ်းကို ဖြိုခွင်းနိုင် အီတလီ၊ ဘူလ်ဂေးရီးယား၊ ဂျာမနီနှင့် ဩစတြီးယားမှ ၄၁ ဦးကို ဖမ်းဆီး

**ရောမ ဇွန် ၃**

အီတလီရဲတပ်ဖွဲ့က ဦးဆောင်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ပြီးနောက် ဥရောပတစ်ဝန်း လှုပ်ရှားနေသော လူမှောင်ခို ဂိုဏ်းတစ်ဂိုဏ်းကို ဖြိုခွင်းနိုင်ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

အီတလီ၊ ဘူလ်ဂေးရီးယား၊ ဂျာမနီနှင့် ဩစတြီးယားမှ လူ ၄၁ ဦးကို ဖမ်းဆီးလိုက်သည်။ လူကုန်ကူးခံရသူများမှာ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခံရသည့်ပြင် ဒုစရိုက်လောကအတွင်း ဇွတ်အတင်းသွတ်သွင်းခံရသည်။

ယင်းဂိုဏ်းက သွေးဆောင်ခဲ့သည့် ကလေးသူငယ်အများအပြားမှာဘူလ်ဂေးရီးယားနိုင်ငံမှဖြစ်ပြီး၊ အသက် ရှစ်နှစ်နှင့် ၁၃နှစ်အရွယ်ကြားရှိကြသည်။ ၎င်းတို့ကို ဆင်းရဲသော မိဘများက ထိုဂိုဏ်းကို ရောင်းလိုက်သည့် လက္ခဏာရှိကြောင်း အီတလီရဲတပ်ဖွဲ့က ပြောဆိုသည်။

**ခန့်မှန်း**

ဥရောပတိုက်အတွင်းသို့ ကလေးသူငယ်များကို မည်သို့ခိုးသွင်းလာသည်ကို အတိအကျ မပြောနိုင်သော်လည်း ကလေးသူငယ်ပေါင်း ၁၀၀ ကျော်မည်ဟု ခန့်မှန်းသည်။

၎င်းတို့ကို ဗြိတိန်အပါအဝင် ဥရောပအနောက်ပိုင်းနိုင်ငံအချို့သို့ ခိုးသွင်းလာကြသည်။ သို့သော် အများစုမှာ ဂျာမနီနိုင်ငံတွင် သောင်တင်သည်။

ကလေးများကို သူတို့မိဘများက ဒုစရိုက်ဂိုဏ်းသို့ ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းကြောင်း ဘူလ်ဂေးရီးယား အစိုးရ ရှေ့နေများက ပြောဆိုသည်။ ကလေးသူငယ်တစ်ဦးချင်းအတွက် စာရွက်စာတမ်း အထောက်အထား အတုများ ပြုလုပ်ပေးထားသည်ဆို၏။

ကလေးတစ်ဦးအနေဖြင့် တစ်နေ့လျှင် အနိမ့်ဆုံးယူရို ၁၀၀၀ (၆၈၅ဒေါ်လာ) ခိုးစေရန် ဒုစရိုက်ဂိုဏ်းက စီစဉ်ထားသည်။ ပိုမိုအသက်ငယ်သော ကလေးများမှာ ပိုမိုအသုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော်၎င်းတို့ကို ဖမ်းမိသွားလျှင် ၎င်းတို့အား တရားစွဲ နိုင်ခြင်း မရှိသည့်အတွက် ဖြစ်သည်ဆို၏။

ထို့ကြောင့် ၎င်းတို့အား အမှုသေးအမှုမွှားများတွင် အသုံးပြုရန် သင်တန်းပေးပြီး ခါးပိုက်နှိုက်လုပ်ငန်း၌ ခိုင်းစေသည်။ သူတို့နှိုက်ရသော ငွေကြေးကို ဒုစရိုက်ဂိုဏ်းက သိမ်းယူပြီး၊ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းတွင် ပြန်လည်ရင်းနှီးသည်။၎င်းတို့ကိုကျေးကျွန်သဖွယ် ထိန်းသိမ်းထားသည်ဟု ရဲတပ်ဖွဲ့က ပြောဆိုသည်။

***အင်တာနက်။***

အီရတ်နိုင်ငံ လာတီဖီယာမြို့တွင်အီရတ်ကြည်းတပ်ကသိမ်းဆည်းရမိသော လက်နက်များအနက် အချို့ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အဘူဂါရိုပ်အကျဉ်းစခန်းတွင် ညှဉ်းပန်းနှိပ်စက်ခဲ့မှုဖြင့် ၁၁ဦးမြောက် ကန်တပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦးကို စတင်စစ်ဆေး

**ဝါရှင်တန် ဇွန် ၃**

အီရတ်နိုင်ငံရှိ အဘူဂါရိုပ်အကျဉ်းစခန်းတွင် ခွေးများဖြင့် အကျဉ်းသားတစ်ဦးကို ရှူးတိုက်ကိုက်စေခဲ့သည့် နှိပ်စက်ညှဉ်းပန်းမှုဖြင့် အမေရိကန်ကြည်းတပ်မှ တပ်ကြပ်ကြီးတစ်ဦးကို ကြာသပတေးနေ့တွင် စစ်ဆေးနေပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

**ကျူးလွန်**

၎င်းတပ်ကြပ်ကြီးသည် အသက် ၃၂ နှစ်ရှိ ဆန်တော့စ်ကာဒိုနာဆိုသူဖြစ်ပြီး မေရီလင်းပြည်နယ် ဖို့တ်မီဒီစစ်ဘက်ဆိုင်ရာ တရားသူကြီးအဖွဲ့၏ လေ့လာသုံးသပ်ချက်အရ ၎င်းသည် နှိပ်စက်ညှဉ်းပန်းမှုနှင့် တာဝန်ဝတ္တရားလစ်ဟင်းမှု ပြစ်မှုနှစ်ခု ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အဘူဂါရိုပ် အကျဉ်းစခန်းအရှုပ်တော်ပုံမှုခင်းတွင် ၎င်းသည် ၁၁ဦးမြောက် အရေးယူခံရသူ တစ်ဦးဖြစ်သည်။

၎င်းသည် အီရတ်စစ်ပြန်တစ်ဦးဖြစ်ပြီး ယခုအခါ ထောင်ဒဏ်သုံးနှစ်ခွဲ ကျခံရမည့်အခြေအနေနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

တပ်ကြပ်ကြီးကာဒိုနာသည် ၎င်း၏ ခွေးဖြင့် အကျဉ်းသားတစ်ဦးကို ကိုက်စေပြီး အခြားအကျဉ်းသားတစ်ဦးကိုလည်း ၎င်းနှင့်၎င်း၏တပ်ဖွဲ့ဝင်များ ပျော်စေပြက်စေသဘောဖြင့် အနှောင့်အယှက်များ ပေးခဲ့သည်။ ၎င်းတပ်ဖွဲ့ဝင်များမှာလည်း နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်ခဲ့မှုဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်က အပြစ်ပေးခံခဲ့ရပြီးဖြစ်သည်။

**စွပ်စွဲ**

ကာဒိုနာနှင့်အခြားတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် ခွေးလေ့ကျင့်ပေးသူ တစ်ဦးတို့သည် ၎င်းတို့၏ခွေးများကို အသုံးပြုကာ အကျဉ်းသမားများကို ခြောက်လှန့်မှုများပြုလုပ်ခဲ့ကြသည်ဟု အစိုးရရှေ့နေများကစွပ်စွဲထားသည်။

တပ်ကြပ်ကြီးကာဒိုနာ၏ အမှုမတိုင်မီကာလတွင် ခွေးလေ့ကျင့်ပေးသူ မိုက်ကယ်စမစ်အပါအဝင် အခြားတပ်ဖွဲ့ဝင် ၁၀ ဦးသည် အဘူဂါရိုပ်အကျဉ်းစခန်းတွင်ကျူးလွန်ခဲ့သည့်ပြစ်မှုများဖြင့် ပြစ်ဒဏ်စီရင်ခံရပြီးဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မူးယစ်မှောင်ခိုမှုနှင့် တရားမဝင်ကူးသန်းမှု တားဆီးရန် အမေရိကန်နှင့် ကနေဒါ နယ်စပ်တွင် လုံခြုံရေးတင်းကျပ်

**ဒါဘီလိုင်း(ဗားမောင့်) ဇွန် ၃**

အမေရိကန်နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် စိုးရိမ်ဖွယ်ကောင်းသည့် မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်သည့် လုပ်ငန်းကိုင်ငန်းများ ပေါ်ပေါက်နေပြီး အကာအရံများ ပြုလုပ်ထားခြင်း မရှိသည့် ကမ္ဘာ့အရှည်ဆုံးသော နယ်စပ်တစ်လျှောက်တွင် တရားမဝင် ဥဒဟို ဖြတ်ကျော်ကူးသန်းနေမှုတို့ကို တားဆီးကာကွယ်နိုင်ရန် အမေရိကန်အစိုးရက ကနေဒါအစိုးရနှင့်အတူ လုံခြုံရေး တင်းကျပ်မှုများ ပြုလုပ်ထားကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်မှ စတင်၍ ကနေဒါနိုင်ငံမှလာသည့် ခရီးသည်များသည် စိစစ်ရေးကတ်ပြား ပြရမည်ဖြစ်ပြီး ဗားမောင့်ပြည်နယ်နှင့် နယူးဟမ်ရှိုင်းယားပြည်နယ်တို့ရှိ အမေရိကန်နယ်စပ်စခန်းတွင် နောက်ကြောင်းရာဇဝင်စစ်ဆေးမှုများ ပြုလုပ်ခံရမည်ဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# ရင်သွေးများကို သတ်ဖြတ်သူ ထောင် ၁၅နှစ်ကျ

**ဘာလင် ဇွန် ၃**

ဂျာမန်အမျိုးသမီးတစ်ဦးသည်၎င်း၏ ရင်သွေးကလေး ၁၃ဦးအနက် ကိုးဦးကို မွေးဖွားပြီးစအချိန်မှာပင် သေဆုံးစေရန် စွန့်ပစ်မှုများ ပြုလုပ်ခဲ့မှုဖြင့် ဇွန် ၁၃ ရက်တွင် ထောင်ဒဏ် ၁၅ နှစ် ပြစ်ဒဏ်ချမှတ်ခံရကြောင်း ဂျာမန် သတင်းအေဂျင်စီက သောကြာနေ့တွင် ရေးသားဖော်ပြသည်။

ဆာဘီနီဟယ်လ်ချင်သည်မွေးကင်းစရင်သွေးများသေဆုံးစေရန် နှစ်ပေါင်းအတန်ကြာ ကာလအတွင်း ပြုလုပ်ခဲ့မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ၎င်း၏အယူခံလွှာကို ပြည်နယ်တရားရုံးက ပယ်ချခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ဓာတ်ရထားတစ်စီး၏ နံရံပေါ်၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလှုံ့ဆော်ရေးပန်းချီကားရေးဆွဲထားသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရိုင်ဖယ်သေနတ်ထုတ်လုပ်ရေး ဗင်နီဇွဲလားနှင့် ရုရှားဆွေးနွေး

**ကာရာကတ်စ် ဇွန် ၄**

ကလာရှနီကော့ဗ်တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ်များကို ဗင်နီဇွဲလားနိုင်ငံတွင် ထုတ်လုပ်နိုင်ရန် ရုရှားနိုင်ငံနှင့် ဆွေးနွေးလျက်ရှိကြောင်း ဗင်နီဇွဲလားနိုင်ငံ၌ ထုတ်ဝေသော အယ်လ်ယူနီဗာဆယ်လ်သတင်းစာက ဇွန် ၁ ရက်တွင် ရေးသားဖော်ပြသည်။

ရုရှားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံ၌ တိုက်ခိုက်ရေးမောင်းပြန် ရိုင်ဖယ်သေနတ်များ ထုတ်လုပ်ရန် စက်ရုံနှစ်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။

သို့ရာတွင် မေလ အစောပိုင်းကမူ ဗင်နီဇွဲလားနိုင်ငံသို့ လက်နက်ရောင်းချမှု ပိတ်ပင်ရန် အမေရိကန်နိုင်ငံက ခြိမ်းခြောက်ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသည် နိုင်ငံတကာအကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း မရှိသဖြင့် ယင်းနိုင်ငံသို့ လက်နက်ရောင်းချမှု ပိတ်ပင်သင့်ကြောင်း အမေရိကန်က တိုက်တွန်းနှိုးဆော်ခဲ့သည်။ ***အင်တာနက်။***

# တူရကီကုန်သင်္ဘောနှင့် ဂရိရေနံတင်သင်္ဘောတိုက်မိ

**အစ္စတန်ဘူလ် ဇွန် ၃**

တူရကီကုန်သင်္ဘောတစ်စင်းနှင့် ဂရိရေနံတင်သင်္ဘောတစ်စင်းတို့ အေဂျီယန်ပင်လယ်ပြင်တွင် တိုက်မိသည့်မတော်တဆမှု ဖြစ်ပွားရာ၌ တူရကီသင်္ဘောသားတစ်ဦး သေဆုံးသွားကြောင်း တူရကီပင်လယ်ရေကြောင်း သွားလာရေးအသင်းမှ တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ယင်းမတော်တဆမှုတွင် ပါဝင်သော တူရကီသင်္ဘော၏ အမည်မှာ ဟန်ဖြစ်ပြီး အဆိုပါ သင်္ဘောသည် ပနားမားတွင် မှတ်ပုံတင်ထားကြောင်း သိရသည်။ ထိုအဖြစ်အပျက်ကြောင့် သင်္ဘောသားလေးဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ တူရကီသင်္ဘောပေါ်တွင် သင်္ဘောသားစုစုပေါင်း ၁၃ ဦး ပါရှိကြောင်း ပင်လယ်ရေကြောင်း သွားလာရေးအဖွဲ့က ပြောကြားသည်။

ကယ်ဆယ်ရေးနှင့် ရှာဖွေရေးအဖွဲ့သားများက ကျန်ရှိနေသော သင်္ဘောသားအားလုံးကို ကယ်တင်နိုင်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်္ဂလန်နိုင်ငံတောင်ပိုင်း ဆာရေးမြို့တွင် ကျင်းပသည့် ရိုးရာမြင်းစီးပွဲတော်သို့ တက်ရောက်လာသူနှစ်ဦးကို ဇွန် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌ သေဆုံးသူ ကန်တပ်ဖွဲ့ဝင်ဦးရေ ၂၄၇၆ ဦး ရှိပြီ

**ဝါရှင်တန် ဇွန် ၃**

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ် မတ်လ၌ စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုနှစ် ဇွန် ၃ရက်အထိ ၂၄၇၆ဦးထက်မနည်းရှိကြောင်း အေပီသတင်းဌာနက ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေအနက် ၁၉၅၃ဦး ထက်မနည်းမှာ ခုခံတိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း အဆိုပါ လေ့လာချက်စစ်တမ်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

# ကွန်ကရစ်ပိုက်ကြီးများ ထုတ်လုပ်ပေးနေသည့် မြို့တော်စည်ပင် ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်စက်ရုံ

**သတင်းနှင့်ဓာတ်ပုံ–**
**သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)**

**ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်**

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အချင်းလက်မ ၆၀ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်အား စက်ယန္တရားဖြင့် သံမဏိဝါယာကြိုးများ ရစ်ပတ်နေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့က မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ စီမံကိန်းဝင်းအတွင်း၌ ဖွင့်လှစ်ခဲ့သည်။

စီမံကိန်းပထမအဆင့်တွင်ပင် ရန်ကုန်မြို့တော်နှင့် မြို့နယ်များသို့ တစ်နေ့ရေဂါလန် ၄၅သန်း ဖြန့်ဝေနိုင်သဖြင့် မူလပေးဝေနေသည့် ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား ရေလှောင်ကန်ကြီး သုံးကန်နှင့် မြို့နယ်များရှိ အဝီစိတွင်းများ အပါအဝင် တစ်နေ့ရေဂါလန် ၉၅ သန်း၏ ထက်ဝက်ခန့် ဖြန့်ဝေနိုင်ခဲ့ပေသည်။

ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံမှ ရေများဖြန့်ဝေနိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ ကွန်ကရစ်ပိုက်စက်ရုံမှ အချင်း ၃၆ လက်မ၊ အချင်း ၂၄ လက်မ၊ အချင်း ၁၆ လက်မရှိ ကြိုတင်အားဖြည့် ကွက်ကရစ်ပိုက်များကို ထုတ်လုပ်ပေးနိုင်ခဲ့သည့်အတွက် ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) ပထမအဆင့်သည် ချောမောစွာ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားခြင်း ဖြစ်သည်။ ပထမအဆင့် ရေဂါလန် ၄၅ သန်း၊ ဒုတိယအဆင့် ရေဂါလန် ၄၅ သန်း၊ တတိယအဆင့် ရေဂါလန် ၄၅ သန်း ဖြန့်ဝေနိုင်ရန်ဖြစ်သည်။ ယခု ပထမအဆင့် အောင်မြင်စွာပြီးမြောက်ပြီဖြစ်၍ ဒုတိယနှင့် တတိယအဆင့်များအတွက် အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန် ကြိုတင်အားဖြင့် ကွန်ကရစ်ပိုက်အရွယ်စုံ အသုံးပြုရန် လိုအပ်လျက်ရှိသည်။

ထိုအချက်များကို သိလိုသည့်အတွက် စာရေးသူသည် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်စက်ရုံရှိရာ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်သို့ ရောက်ရှိခဲ့သည်။ အဆင်သင့်ပင် ပိုက်ထုတ်လုပ်မှုများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စက်ရုံမှူး လက်ထောက်ဌာနမှူး ဦးခင်မောင်ဖူးတို့ကို တွေ့ရသည်။

စာရေးသူသည် ခရီးရောက်မဆိုက်ပင် သိလိုသည်များကို မေးမြန်းသည်။ မေးမြန်းချက်များအရ အထက်ပါစက်ရုံသည် ဖူးကြီးရေပေးဝေရေး စီမံကိန်းနှင့် တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာသည့် စက်ရုံဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ပြီး လုပ်ငန်းစတင်လည်ပတ်စဉ်က ဖူးကြီးရေပေးရေးစီမံကိန်း၏ အဓိကလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဖူးကြီးရေလှောင်ကန်မှ လှော်ကား ရေလှောင်ကန်သို့လည်းကောင်း၊ လှော်ကားရေလှောင်ကန်မှ ရန်ကုန်မြို့တွင်းသို့လည်းကောင်း ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော အချင်းလက်မ ၆၀၊ အချင်း ၆၆လက်မ အရွယ်အစားရှိ ကြိုတင်အားဖြင့် ကွန်ကရစ်ပိုက် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ကြားသိရသည်။

၁၉၉၂ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ဖူးကြီးစီမံကိန်းအတွက် လိုအပ်ချက်ဖြစ်သည့် ပိုက်လုံး ၇၀၀၀ ပြီးစီးအောင် ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် အချင်းလက်မ ၆၀၊ ၆၆ လက်မ ပိုက်များထုတ်လုပ်ခြင်းများကို ရပ်ဆိုင်း၍ အချင်း ၁၆ လက်မ၊ အချင်း ၂၄ လက်မ၊ အချင်း ၃၆ လက်မ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ ထုတ်လုပ်နိုင်ရန် စက်ရုံရှိ ထုတ်လုပ်မှုမိုများ၊ စက်ရုံဝန်ဆောင်မှု အနေအထားများကို ပြောင်းလဲခဲ့သည်။

လုပ်ငန်းအဝဝ ပြောင်းလဲပြီးနောက် ၁၉၉၂ခုနှစ် နှစ်လယ်ပိုင်းမှစ၍ အချင်း ၁၆ လက်မ၊ အချင်း ၂၄ လက်မ၊ အချင်း ၃၆ လက်မပိုက်များကိုသာ ထုတ်လုပ်ခဲ့သည်။

ယခုအခါ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)၏ ဒုတိယအဆင့်နှင့် တတိယအဆင့်တွင် ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်အချင်း လက်မ ၆၀၊ အချင်း ၆၆ လက်မ ပိုက်များလိုအပ်သဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ တင်ပြခဲ့သည်။ မြို့တော်ဝန်က ၁၄ နှစ်ခန့်က ရပ်ဆိုင်းထားခဲ့သည့် အချင်းလက်မ ၆၀၊ အချင်း ၆၆ လက်မ မိုများ၊ မိုအထိုင်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) အင်ဂျင်နီယာများနှင့် ပြန်လည်ပြုပြင်ရန် လက်ရှိထုတ်လုပ်နေသည့် ပိုက်များထုတ်လုပ်မှုကိုလည်း မထိခိုက်စေရန် မှာကြားခဲ့သည်။

လိုအပ်သောပိုက်များ အချိန်မီ ထုတ်လုပ်နိုင်ရန် မြို့တော်ဝန်ကိုယ်တိုင် ဦးဆောင်၍ ကော်မတီဝင် ဦးကျော်စိုး၊ ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စက်ရုံမှူး လက်ထောက်ဌာနမှူး ဦးခင်မောင်ဖူးတို့အား အနီးကပ်ကြီးကြပ်စေကာ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ၂၄ နာရီပတ်လုံး အဆိုင်းသုံးဆိုင်းဖြင့် ဆောင်ရွက်ခဲ့သည်။

အချင်း လက်မ ၆၀၊ ၆၆ လက်မပိုက်များ ထုတ်လုပ်စတွင် ခက်ခဲမှုရှိခဲ့သော်လည်း မြို့တော်ဝန်၏ အားပေးပံ့ပိုးမှု၊ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ ဖွဲ့လုံ့လဖြင့် မဖြစ်မနေ ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ အချင်း ၆၀၊ ၆၆ လက်မ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များကို ထုတ်လုပ်နိုင်ခဲ့ပေပြီ။

နိုင်ငံတကာတွင် အသုံးပြုနေသည့်–

Cast Iron Pipes၊ Spun Iron Pipes၊ Steel Pipes၊ Ductile Iron Pipes၊ Prestressed Concrete Pipes၊ Fibreglass Reinforced Polyethy Lene နှင့် M.D.P.E Pipes များအနက် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)တွင် အသုံးပြုနေသည့်ပိုက်မှာ Prestressed Concrete Pipes (ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်)ပိုက်ဖြစ်သည်။ ယင်း၏အားသာချက်မှာ သံချေးလုံးဝမတက်ခြင်းပင်ဖြစ်သည်။ ဖော်ပြပါ ပိုက်များအနက်မှ အချို့ပိုက်များသည် သံချေးကဲ့သို့ ပိုက်သားကို တွယ်ကပ်အန္တရာယ်ပေးစေနိုင်သည့် ချေးများ၊ သံချေးများ တွယ်ကပ်တတ်သဖြင့် ပိုက်ကျဉ်းမြောင်းသွားစေခြင်း၊ ရေသွားရေလာ တုံ့ဆိုင်းစေခြင်းများဖြစ်တတ်သည်။

ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်စက်ရုံမှ ပိုက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် သံမဏိဝါယာကြိုး၊ သံမဏိဝါလျှာများကိုသာ ပြည်ပမှ မှာယူတင်သွင်းရပြီး ကျန်အသုံးပြုသည့် ဘိလပ်မြေကို ပြည်တွင်းစက်ရုံများမှ လည်းကောင်း၊ သဲကြမ်းကို ပဲခူးမြို့နယ် ပျဉ်ပုံကြီးဒေသမှလည်းကောင်း၊ လိပ်သဲကျောက်ကို ကျောက်ထုတ်လုပ်ရေးစခန်းများမှလည်းကောင်း အလွယ်တကူ ရရှိနိုင်သည်။

ထို့ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ပြည်ပမှ မှာယူတင်သွင်းခြင်းထက် ခြောက်ဆ၊ ခုနစ်ဆခန့် သက်သာသဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်စက်ရုံသည် ရန်ကုန်မြို့တော် ရေပေးဝေရေးလုပ်ငန်းအတွက် အရေးပါလှသည့် စက်ရုံကြီးတစ်ရုံဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ (ကြေးမုံ)

**အချင်းလက်မ ၆၀ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်ကို စက်ယန္တရားဖြင့် သံမဏိဝါယာကြိုးများ ရစ်ပတ် ပြီးနောက် သိုလှောင်ထားရှိမည့်နေရာသို့ သယ်ဆောင်နေစဉ်။**



# ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်မှုမဖြစ်ရေး၊ မသမာမှုများပပျောက်ရေးကြပ်မတ်ထိန်းသိမ်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

နေပြည်တော် ဇွန် ၄

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၆- ၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက်တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ညွှန်ကြားရေးမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာ၌ ယခုအခါတွင် ကမ္ဘာ့စက်သုံးဆီဈေး အဆမတန် မြင့်တက်နေကြောင်း၊ ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိထုတ်လုပ်မှုကို ထိန်းသိမ်းရင်း နောက်ထပ် အလားအလာသစ်များကို ထပ်မံရှာဖွေတူးဖော်ထုတ်လုပ်သွားကြရမည် ဖြစ်ကြောင်း၊ ပေနက်တွင်းတူးစက်များလည်း မှာယူထားပြီးဖြစ်ရာရောက်ရှိပါက ပေနက်ပိုင်းအလားအလာများကို ရှာဖွေတူးဖော်နိုင်တော့မည်ဖြစ်ကြောင်း၊ တိုင်းတာရရှိပြီးဖြစ်သည့် ဆိုက်စမစ်အချက်အလက်များကို သေချာစွာ လေ့လာသုံးသပ်ပြီး တွင်းသစ်တူးဖော်မည့် အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်မည့် တွင်းဖြောင့်တူးဖော်ခြင်း (Horizontal Drilling) နည်းပညာဖြင့် စမ်းသပ်တူးဖော်သွားနိုင်ရေး လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံပိုင်ပစ္စည်းများကို လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးနှင့် မသမာမှုများ ပပျောက်စေရေးတို့အတွက် သက်ဆိုင်ရာအဆင့်ဆင့်အလိုက်ကြပ်မတ်ထိန်းသိမ်းသွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရေနံမြေ အထွေထွေမန်နေဂျာများက ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူတို့က ကဏ္ဍအသီးသီးအလိုက် အသေးစိတ်သုံးသပ် ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ရေနံမြေအလိုက် တိုးတက်ထုတ်လုပ်သွားရမည့် လျာထားချက်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

## မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဇွန် ၄**

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **“အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့”**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ”**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေး သိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀X၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ စာတည်းမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

## အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၄

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန် ၂ရက် နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသော ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး** (အပေါ်ပုံ) **အားကစားနည်းပြ ၃၁ ဦးတို့အတွက် ဝတ်စုံစရိတ်ကိုလည်းကောင်း၊ ဆရာ ဆရာမ ၁၉ ဦးအတွက် ကျောင်းဝတ်စုံစရိတ်ကိုလည်းကောင်း၊ ဘောလုံးသင်တန်းသားများအတွက် ဘောလုံးအလုံး ၃၀ ကိုလည်းကောင်း ပေးအပ်သည်။**

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သို့ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်ငါးသိန်း၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ၊ရွှေနဂါးမင်းကုမ္ပဏီ)က အလှူငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်က ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်နှင့် အိုလံပစ်သောက်ရေသန့်တို့က အလှူငွေကျပ်သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သို့ အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၃၃သိန်း ငါးသောင်း ဖြစ်သည်။ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၌ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ လက်ဝှေ့၊ ကြက်တောင်၊ ဂျူဒို၊ကျွမ်းဘား၊ တိုက်ကွမ်ဒို၊ မြားပစ်၊ ဝူရှူး၊ ပိုက်ကျော်ခြင်းနှင့် တင်းနစ်အားကစားနည်းတို့တွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၉၃ဦးတို့ တက်ရောက်သင်ကြားကြသည်။ (သတင်းစဉ်)

**ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁ ရက်က မြို့နယ်အသင်းရုံးတွင် ကျင်းပရာ စက်ချုပ်သင်တန်း ပထမဆုရရှိသူ မခင်အေးအား အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၆၄)

### MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅-၆-၂၀၀၆ (တနင်္လာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မဟာ |
| ၇:၁၅ | Science Tech Today (ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း)(အပိုင်း-၁) [ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးထွန်းလွင်] |
| ၈:၀၀ | တေးဂီတအစီအစဉ် |
| ၈:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၁၀ | မေးကြည့်ဖြေကြည့်ပဟေဠိ |
| ၈:၃၀ | တေးဂီတအစီအစဉ် |
| ၈:၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၄၀ | **မျှော်သူမမောစေချင် စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင်၊ (ဒါရိုက်တာ-စောစန္ဒာလှိုင်)** |
| ၈:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅ | Management Talk (ဦးမျိုးမြတ်သူ၊ ဒေါ်ခင်စန်းရီ) |
| ၉:၄၅ | မြေအိုးထမင်းနှင့်အခြား အရံဟင်းများ(အပိုင်း-၂) (မြေအိုးထမင်း၊အာလူးအမျှင်သုပ်၊ငှက်ပျောဖူးသုပ်) |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၅ | ဟန်ဆောင်ကာမှုပို (ဇာနည်မောင်၊ရတနာပုံ) |
| ၁၀:၁၅ | အမှတ်(၄)အထပ်သား စက်ရုံ(ပုသိမ်) |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား |
| ၁၀:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀ | World Cup Special (Group-C) |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | ဓာတ်ပုံပြပွဲ(ကိုဦး) |
| ၁၁:၃၅ | ပြည်သူ့အတွက်ကျန်းမာရေး (အရိုးပွရောဂါမေးမြန်းခန်း) |
| ၁၁:၅၅ | ဝယ်ချင်စရာမျိုးစုံစွာ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

# အမှာစကား ပြောကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မြစ်ကြီးနားမြို့ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ မြစ်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

✳ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ဧည့်ခန်းမဆောင်၌ ဒါရိုက်တာ ဦးလှိုင်သူရက ကျွဲကူးမြေပေါ်လွှန်းကျင်း စတင်တည်ဆောက်ခဲ့မှုနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပြင်ဆင်နိုင်သည့် စက်လှေအရေအတွက်နှင့် ဝန်ထမ်းအင်အား၊ လွှန်းတင်မည့် စက်လှေများအတွက် လွှန်းကျင်း၏ ဆောင်ရွက်ထားရှိမှုများနှင့် ဝန်ဆောင်ခကောက်ခံမှု၊ စက်လှေအသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## မှာကြား

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်အကြီးအကဲက ဒေသ၌ ဖြစ်ထွန်းအောင်မြင်နေသော စက်မှုလက်မှုလုပ်ငန်းများကို အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များ၏ လိုအပ်ချက်အဝဝကို ဖြည့်ဆည်းပေးရန် အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ စက်လှေ၏ပုံစံများ ဆန်းသစ်နေစေရန် တတ်ကျွမ်းသော နည်းပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်မြို့မှ သစ်စက်နှင့် တွင်ခုံ လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများအခြေအနေကို တစ်ဦးချင်း မေးမြန်းပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေး၊ မြိတ်မြို့၌ လယ်ယာသုံးအသေးစား စက်ကိရိယာများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းနှင့် ကုန်တင်စက်လှေကြီးများ လွှန်းတင်ပြင်ဆင်နေမှုကိုလည်းကောင်း၊ အသစ်တည်ဆောက်နေမှုကိုလည်းကောင်း၊ စက်လှေကိုယ်ထည် ကြံ့ခိုင်မှုချွတ်ယွင်းမှုရှိမရှိ ရှာဖွေပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်္ဘောတည်ဆောက်ရေး နည်းပညာရပ်များကို လေ့လာ၍ အဆင့်မြင့်စွာတည်ဆောက်ရေး မှာကြားကာ စက်လှေသုံး အရောင်းပစ္စည်း အရောင်းဆိုင်ကို ကြည့်ရှုအားပေးသည်။

အဆိုပါ King Star Enterprise ၏ မြေပေါ်လွှန်းကျင်းသည် ငါးဧက ကျယ်ဝန်းပြီး ဝန်ထမ်းအင်အား ၃၀၀ ခန့်ရှိသည်။ တန် ၂၀၀ခန့်ရှိ စက်လှေ ၁၈ စင်းကို တစ်ပြိုင်တည်း လွှန်းတင်ပြင်ဆင်နိုင်ကြောင်း သိရှိရသည်။

## ဖြည့်စွက်ဆွေးနွေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျွဲကူး–ကျောက်ဖျာတံတားအနီးရှိ မြိတ်မြို့သစ်တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က မြိတ်မြို့သစ်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးကြည်သန်းက မြိတ်မြို့သစ် မြို့ပြစီမံကိန်းရေးဆွဲဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးလှစိုးက လမ်းတံတားနှင့် အဆောက်အအုံများ တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တိုင်းဆိပ်ကမ်းအင်ဂျင်နီယာ ဦးလှထွန်းအောင်က မြို့သစ်အတွင်း ရေကြောင်းထိန်းသိမ်းရေးနှင့် ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက မြို့သစ်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကောင်းစံဦးက မြို့သစ်ပြောင်းရွှေ့ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းပြည်တွင်း အခွန်များဦးစီးဌာနမှူး ဦးသန်းစိုးက ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူးက မြိတ်မြို့သစ် အမြန်ဆုံးဖြစ်ပေါ်လာရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## အရှိန်အဟုန်မြှင့်ဆောင်ရွက်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြုံငုံသုံးသပ်ဆွေးနွေးပြီး အမှာစကားပြောကြားရာ၌ မြိတ်မြို့၏ နောင်တိုးပွားလာမည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်လာမည့် စက်မှုလုပ်ငန်းများအတွက် မြိတ်မြို့သစ်ကို တည်ဆောက်ရခြင်းဖြစ်ပြီး တည်ဆောက်ရေး လုပ်ငန်းများကို ယခုထက်တိုးတက် မြန်ဆန်အောင်အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန်လိုကြောင်း။

မြို့သစ်၌ စက်မှုဇုန်ပါတည်ဆောက်နေသည်ဖြစ်၍ မြို့ပေါ်ရှိ စက်ရုံများ အမြန်ဆုံးပြောင်းရွှေ့နိုင်ရန် စီစဉ်ဆောင်ရွက်ကြရန်နှင့် မြို့သစ်၌လိုအပ်သည့် လမ်း၊ တံတားများ တည်ဆောက်ရေး၊ သောက်သုံးရေနှင့် ဆိပ်ကမ်းသာယာလုပရေးတို့ကို အချိန်မီပြီးစီးရန် ဖိဖိစီးစီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာပါက လူ့စွမ်းအားအရင်းအမြစ်များကိုလည်း အကျိုးရှိရှိ အသုံးပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်ရှိ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး Civil Tech Co.Ltd မှ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းက သုံးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်ရန် ကျန်ရှိမှုအပိုင်းတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြိတ်မြို့ အစိုးရနည်းပညာကောလိပ်သည် မြိတ်–ထားဝယ်ကားလမ်းရှိ ကဘင်းကျေးရွာအနီး၌ တည်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၃၀၀၀ ကို လက်ခံသင်ကြားပေးနိုင်မည်ဖြစ်သည်။

သုံးထပ်ပင်မဆောင်မှာ အလျား ၅၁၃ ပေ၊ ဘေးတိုက်အလျား ၃၅၇ ပေရှိမည်ဖြစ်ပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၃၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

## ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်မြို့ရှိ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

❋ မြေငလျင်မှ

အင်ဒိုနီးရှားအာဏာပိုင်များသည် မီရာပီမီးတောင် လှုပ်ရှားလာသည့် အခြေအနေကြောင့် လွှန်ခဲ့သည့် သီတင်းပတ်များအတွင်းက မီးတောင်ဝန်းကျင်တွင် နေထိုင်သော ဒေသခံပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ယေဘုယျအားဖြင့် မြေငလျင်လှုပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းတို့သည် တိုက်ရိုက်ဆက်နွယ်မှု ရှိသည်ဟု မဆိုနိုင်ကြောင်း၊ သို့ရာတွင် ဂျာဗားကျွန်း မြေငလျင်၏ ဗဟိုချက်မှာ မီရာပီမီးတောင်နှင့် အလွန်နီးကပ်စွာ တည်ရှိနေကြောင်း၊ မြေငလျင်ဗဟိုချက်မှ ကီလိုမီတာ ၅၀ မျှသာ ကွာဝေးသောနေရာတွင် မီရာပီမီးတောင် တည်ရှိကြောင်း ဘူမိဗေဒလေ့လာတိုင်းထွာရေး ပညာရှင်တစ်ဦးက ပြောကြားသည်။

### အန္တရာယ်ကျရောက်လာနိုင်

ဂျာဗားကျွန်းတွင် မေ ၂၇ ရက်က မြေငလျင်လှုပ်ခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခြင်းမရှိမီ မီရာပီမီးတောင်၏ ပြာပူများနှင့် ဓာတ်ငွေ့များထုတ်လွှတ်မှုမှာ တစ်ရက်လျှင် အကြိမ် ၅၀ ခန့်ရှိခဲ့ကြောင်း၊ သို့ရာတွင် မြေငလျင်လှုပ်ခဲ့ပြီး တစ်ရက်အကြာတွင် ယင်းသို့ထုတ်လွှတ်မှုမှာ အကြိမ် ၁၅၀ ကျော်ရှိလာကြောင်း၊ ဖြစ်နိုင်ခြေရှိသည်မှာ မြေငလျင်လှုပ်ခဲ့သည့် ဒေသတွင်းမှာပင် မီးတောင်အကြီးအကျယ် ပေါက်ကွဲနိုင်မှု ဘေးအန္တရာယ်ကျရောက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

မီရာပီ မီးတောင်သည် ဇွန် ၁ ရက်က ဆဌမမြောက်နေ့အဖြစ် အခိုးအငွေ့များကို မှုတ်ထုတ်ခဲ့ပြီး ချော်ရည်ပူများကို စီးထွက်ခဲ့ကြောင်း၊ ဇွန် ၁ ရက်သည် မီးတောင်လှုပ်ရှားမှု အများဆုံးနေ့ရက်ဖြစ်ကြောင်း၊ မီးတောင်၏ အနောက်ဘက်တောင်စောင်းမှ ချော်ရည်ပူများ စီးကျလာခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

**အင်တာနက်။**

**လူပေါင်း ၆၀၀၀ ကျော် သေဆုံးခဲ့ရသော ဂျာဗားကျွန်း မြေငလျင်ကြောင့် ဒုက္ခသည်စခန်း၌ နေထိုင်ရသော ကလေးနှစ်ဦးကို တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေသို့ ဆေးဝါးနှင့် ပညာရေးရန်ပုံငွေ လှူဒါန်းနိုင်

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေရှိ သံဃာတော်များ၊ သာမဏေများ၊ သီလရှင်များ၊ ယောဂီများနှင့် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပထမတန်းမှ ဒသမတန်းအထိ ပညာသင်ကြားနေကြသည့်ကျောင်းသား၊ ကျောင်းသူများအတွက် ဆေးပေးခန်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲကို ဇွန် ၆ ရက်တွင် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေပဓာန နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရက ကြီးမှူးဖွင့်လှစ်မည်ဖြစ်ရာ ဆေးဝါးလှူဒါန်းလိုသူများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာရေးရန်ပုံငွေ လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေ ဝေယျာဝစ္စအဖွဲ့ ဖုန်း ၀၅၅–၂၀၂၅၉ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

ယုဇနဗိမာန်တော်အဝင် မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပရိသတ်တို့က သာဓုအနုမောဒနာ သုံးကြိမ် ရွတ်ဆိုကြသည်။

### အမွှေးနံ့သာ ပက်ဖျန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ယုဇနဗိမာန်တော် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အလှူရှင် ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက ဇေယျမင်္ဂလာ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ယုဇနဗိမာန်တော်ဖွင့်ပွဲ အမှတ်တရအဖြစ်ကျောင်း၏ မြောက်အရပ်၌ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ယုဇနဗိမာန်တော် ရေစက်ချ မင်္ဂလာအခမ်းအနားကို အဆိုပါဗိမာန်တော်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အဆိုတော် ဒေါ်ရီရီသန့်က ထူးမခြားနား သီချင်းခန့်ဖြင့် သီကျူးပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ အလှူရှင် ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးဌေးမြင့်က ယုဇနဗိမာန်တော် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဧည့်သည်များနှင့် အလှူရှင် မိသားစုများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နတ်မောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဇနီးတို့က ငွေကျပ်သိန်း ၃၀၊ ကံလင်းသူကုမ္ပဏီမှ ဦးစိုးမြင့်အောင် - ဒေါ်သီတာလွင်၊ သမီး မြတ်နိုးမြင့်အောင်(ခ) သီရိပြည့်စုံတို့က ငွေကျပ် ၁၀ သိန်း၊ စိန်ပန်းမြိုင် စားသောက်ဆိုင်မှ ဦးစန်းမောင်- ဒေါ်ရီရီမြင့်တို့က ငွေကျပ်ငါးသိန်းနှင့် အဆင့်မြင့်မင်္ဂလာဈေးရှိ ကင်းနှစ်ကောင်အထည်ဆိုင်မှ ဦးမောင်မောင်အေး-ဒေါ်တင်ဝင်းတို့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့က နတ်မောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ပညာသင်ယူလျက်ရှိကြသောရှင်သာမဏေများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်လှူဒါန်းသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ယူလျက်ရှိကြသော ရှင်သာမဏေများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အလှူရှင် ယုဇနကုမ္ပဏီဥက္ကဋ္ဌက ဆရာမများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်ရာ ဆရာမတစ်ဦးက လက်ခံသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကိတ္တိက သာဓုအနုမောဒနာတရားဟောကြား ချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပညာသင်ယူနေ

အလှူရှင် ယုဇနကုမ္ပဏီ မိသားစုက နတ်မောက်ကျောင်းအတွက် ယနေ့လှူဒါန်းသော အလှူငွေ စုစုပေါင်းမှာ ဘုရားနှင့် ပလ္လင်တံကဲ၊ တရားဟောပလ္လင်၊ ဆွမ်းပဒေသာပင်၊ သင်္ကန်းဒွိစုံ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် ဆရာမဝတ်စုံ အပါအဝင် ငွေကျပ် ၈၅၃၈၀၀၀ ဖြစ်ပြီး အဆိုပါ နတ်မောက် ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း၌ ရှင်သာမဏေ ၁၂၇ ပါး အပါအဝင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀၂ ဦးတို့ ပညာသင်ယူလျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် သာကေတမြို့နယ် (၃) မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာ လမ်းထောင့်ရှိ ရှုခင်းသာ အခွန်လွတ်ဈေး ဆောက်လုပ်သည့် နေရာသို့ရောက်ရှိပြီး ဆိုင်ခန်း တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆိုင်ခန်းများကို အမြန်ပြီးစီးရန်၊ အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန်၊ ထိုသို့ရောင်းချရာတွင်လည်း ဈေးနှုန်းနှင့်အလေးချိန်ခွင်များ မှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်၊ စားသုံးသူ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူအားပေးနိုင်ရေးနှင့် ဈေးဝန်းကျင်သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ရှုခင်းသာ အခွန်လွတ်ဈေးကို ဇွန် ၁၀ရက်တွင် ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်လျက်ရှိပြီး သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့မှ ပြည်သူများလွတ်လပ်စွာ ဝယ်ယူနိုင်ကြမည် ဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူရှင် ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်ဇနီးတို့က ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ကြေးဂူတိုက်ဘုရားများ ရွှေသင်္ကန်းကပ်လှူနိုင်

ရန်ကုန် ဇွန် ၄

မန္တလေးတိုင်း ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်များကို ဂေါပကအဖွဲ့က ကြီးမှူး၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ကြာသွပ်အိုး ၁၂လုံးကို မကြာမီတွင် ရွှေသင်္ကန်းတော်များ စတင်ကပ်လှူပူဇော်မည်ဖြစ်ပြီး စေတီတော်ကြီး၏ မျက်နှာလေးဘက် ကြေးဂူတိုက်များပေါ်ရှိ ရွှေစေတီလေးဆူကိုလည်း ဆက်လက်၍ ရွှေသင်္ကန်းတော်များ ကပ်လှူမည်ဖြစ်ရာ ရွှေစေတီ(ရွှေထီးပါ) တစ်ဆူလျှင် ငွေကျပ် ၆၅၀၀၀၀၊ နှစ်လက်မပတ်လည် မျက်ပါးရွှေ တစ်ဆိုင်းလျှင် ငွေကျပ် ၁၆၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ် ၅၀၀၀၊ တစ်ပေပတ်လည် ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ် ၇၀၀၀ ဖြင့် အတွင်းရေးမှူး၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၂၆၁၊ ဥက္ကဋ္ဌ ရွှေစည်းခုံဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း ၀၆၁-၆၀၈၂၅ နှင့် ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း) ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်မြို့ ဖုန်း-၆၄၀၄၈၇နှင့် ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂)ဖြန့်ချိ

ရန်ကုန် ဇွန် ၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ဂျပန်နိုင်ငံ ဂဟောစက်ရုံအတွက် မြန်မာအလုပ်သမားများခေါ်ယူ၊ ကျိုက္ခမီ ရေလယ်ဘုရားဝန်းကျင်တွင် ဒီရေဖြင့်ရေအားလျှပ်စစ် ထုတ်လုပ်ရန်ရှိ၊ ပရိဂျူဆာဓာတ်ငွေ့စက်များ အရှေ့တောင်အာရှဈေးကွက်သို့ တင်ပို့မည် စသည့် ပြည်တွင်းသတင်းများအပြင် ကမ္ဘာ့ဖလားပွဲစဉ်ဇယား၊ ကမ္ဘာ့ဖလားသမိုင်းမှ ထူးထူးခြားခြားများ၊ ကမ္ဘာ့ဖလားဆိုင်ရာ သတင်းထူးများနှင့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များမှ ပရိသတ်အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်း သုံးသပ်ချက်များ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အလုပ်နောက်ကျသူများ၏ ဆင်ခြေကြီးဆယ်မျိုး၊ တရုတ်နိုင်ငံ၌ အိပ်ပျော်သွားသော ကြောင်မလေး ဗြိတိန်၌နိုးလာ စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (က-ပ)

## ယနေ့မိုးလေဝသ

၅-၆-၂၀၀၆

### နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

### ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
၂၀၀၆ ခုနှစ် ဇွန်လ ၅ ရက်




သဲကန္တာရ တားဆီးရေး၊ ခြောက်သွေ့မြေများထိန်းသိမ်းပေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်းနေ ကွယ်လွန်သူ နှစ်ဖက်သောမိဘ၊ မောင်နှမများနှင့် ဇနီး ဒေါ်ခင်တင့်တင့်အား ရည်စူး၍ ဦးအေးမင်း (အကောက်ခွန်-ငြိမ်း)၊ သမီး-ဒေါ်ညွန့်ညွန့်မင်း၊ ဒေါ်မျိုးမျိုးမင်း မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈:၀၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၁၅ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈:၂၅ | ၈။ | ကပ်တဲလ်ကြိုးတံတား |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | Grammar Made Easy. |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | Practice in Reading. |
| ၄:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၅:၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၅:၁၅ | ၆။ | အကပဒေသာ |
| ၅:၂၅ | ၇။ | မြန်မာစာ၊မြန်မာစကား |
| ၅:၃၅ | ၈။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ |
| ၅:၄၀ | ၉။ | အဆိုပြိုင်ပွဲ |
| ၅:၄၅ | ၁၀။ | **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)** |
| ၅:၅၀ | ၁၁။ | တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၆:၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၄။ | အကပြိုင်ပွဲ |
| ၆:၄၅ | ၁၅။ | စက်မှုစွမ်းအားခေတ်ကျော်လွှား |
| ၆:၅၅ | ၁၆။ | အတီးပြိုင်ပွဲ |
| ၇:၀၅ | ၁၇။ | သယံဇာတဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင် |
| ၇:၂၀ | ၁၈။ | တေးဂီတအစီအစဉ် |
| ၇:၃၅ | ၁၉။ | မြန်မာမှုပန်းဆယ်မျိုး(ပန်းပု) |
| ၇:၅၅ | ၂၀။ | ဖွံ့ဖြိုးတိုးတက်သီးပွင့်ဝေဆာ ကတိုးကော့နတ်ကျေးရွာ |
| ၈:၀၀ | ၂၁။ | ပြည်တွင်းသတင်း |
| | ၂၂။ | နိုင်ငံတကာသတင်းများ |
| | ၂၃။ | မိုးလေဝသအခြေအနေ |
| | ၂၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၁၉)** |
| | ၂၅။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၆။ | အစီအစဉ်ပြီး၏။ |

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ကျောင်းသုံးပစ္စည်း၊ ငွေပဒေသာပင်နှင့် ဆေးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန်　　ဇွန်　　၄

**မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် ဇွန် ၂ရက် နံနက် ၉နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြန်မာညွန့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၏ ကျောင်းသုံးပစ္စည်းနှင့် ပညာရေး ငွေပဒေသာပင် ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။**

### ငါးပါးသီလခံယူ

ရှေးဦးစွာ မြန်မာညွန့်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တသောဘဏထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များက ဆရာတော်အရှင်သူမြတ်များအားလှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များက ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အတွက် မတည်ငွေ ကျပ်တစ်သိန်းနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီးအတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင်များသည်ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ အလှူငွေနှင့် ကျောင်းသုံး စာရေးကိရိယာပေးအပ်ပွဲကို ရန်ကုန် တောင်ပိုင်းခရိုင်သန်လျင်မြို့နယ်ကွမ်းခြံကုန်းကျေးရွာ မဟာသဒ္ဓမ္မဇောတိကာရုံ ရွှေကျင်ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ဧည့်ပရိတ်သတ်များက မဟာသဒ္ဓမ္မ ဇောတိကာရုံ ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

### လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါက်တာ ဒေါ်ဝေဝေသာက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် တစ်သိန်းနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းနှင့် တာဝန်ရှိသူများက ကျောင်းသုံး စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

### အဆိုပြုလွှာပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမူက မြို့နယ်များမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်သည်။

ယင်းနောက် ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များက ဆေးရုံအတွက် အလှူငွေကျပ်တစ်သိန်းကို ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ဇော်ထံ ပေးအပ်သည်။

### ထောက်ပံ့ငွေ

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်သက်မြိုင်က နှုတ်ခမ်းကွဲ၊ အာခေါင်းကွဲ ဝေဒနာရှင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် အဖွဲ့ဝင်များသည် ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်ဆေးပြားများနှင့် အားဆေးများဝေငှပေးအပ်ကြသည်။

### တက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ၊ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေတို့သည် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သဲဖြူကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်၍ အလှူငွေနှင့် ကျောင်းသုံး စာရေး ကိရိယာများ ပေးအပ်ပွဲသို့ တက်ရောက်ကြရာ ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ လှူဒါန်းသည့် ငွေကျပ်သုံးသိန်းကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မူထံပေးအပ်သည်။

### ပစ္စည်းများ

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဗဟို အလုပ်အမှုဆောင်များ ဖြစ်ကြသော ဒေါ်နီလာသော်နှင့် ဒေါ်ခင်သန်းဝင်း တို့က မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း(ဗဟို)မှ လှူဒါန်းသည့် ဆေးပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများကို မြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဒေါ်ခင်ခင်ရီနှင့် ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်လှူဒါန်း သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက ကျောင်းသုံး ပစ္စည်းများကို ကျောင်းသား၊ ကျောင်းသူ များထံ ပေးအပ်သည်။

### ကျေးဇူးတင်စကား

ယင်းနောက် သဲဖြူကျေးရွာ အခြေခံ ပညာမူလတန်းလွန်ကျောင်းကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မူက ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ လှူဒါန်းသည့် ငွေကျပ်သုံးသိန်းကို မှော်ဘီမြို့နယ် သဲဖြူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဦးဆောင်၍ ဇွန် ၄ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် အထက(၁)ကျောင်းဝန်းကျင် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းရှင်းလင်းရေးလုပ်ငန်းများကို အသင်း ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ကြစဉ်။** (၃၂)

**ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်မဒေါ်ငြိမ်းချိုအားရည်စူး၍ ဆရာမ ဒေါ်အေးအေးသက်က သဃ်န်းကျွန်းမြို့နယ်(၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူလက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။** (က-ပ)

# အင်းစိန်မြို့နယ်၌ လူသတ်၊ လုယက်တရားခံအား ၂၄နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန်　　ဇွန်　　၄

**အင်းစိန်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက်၌ မေ ၂၅ရက်တွင် လူသတ်၊ လုယက်မှု တစ်မှုဖြစ်ပွားခဲ့ပြီး တရားခံအား ၂၄နာရီအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။**

ဖြစ်ပွားပုံမှာ အင်းစိန်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက် ပိတောက်လမ်း အမှတ်(၁၈၀/ခ)နေ မောင်အာကာပိုင် (ဘ) ဦးမြင့်ချိုသည် မေ ၂၅ရက် ည ၇နာရီခန့်တွင် ဘုရင့်နောင်ဈေးမှ နေအိမ်သို့ ပြန်လာစဉ် အိမ်အပေါ်ထပ်နောက်ဖေး ထမင်းစားခန်းအတွင်း၌ မိခင်ဖြစ်သူ ဒေါ်တင်ထွေး(ခ)ဒေါ်ထွေး အသက်(၅၂)နှစ် (ဘ)ဦးသောင်းသည် ဓားဒဏ်ရာများဖြင့် သေဆုံးနေပြီး နေအိမ်ရှိသေတ္တာ အတွင်းမှ ငွေသားကျပ်သိန်း ၁၀၀ခန့်နှင့် ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၃၅သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၅သိန်းခန့် ပျောက်ဆုံး နေကြောင်း တွေ့ရှိရသဖြင့် အင်းစိန်မြို့နယ် ရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

### ဖမ်းဆီးရမိ

စုံစမ်းစစ်ဆေးချက်များအရ ယင်းနေ့ ည ၇နာရီကျော်ခန့်တွင် အခင်းဖြစ်နေအိမ်၏ အနောက်ဘက် ကိုက် ၁၀၀ခန့်အကွာ ရေမြောင်းအတွင်းမှ သွေးစွန်းနေသော အပြာရောင်ဂျင်းဘောင်းဘီရှည်တစ်ထည်၊ ဂျိုးသိန်းဆေးပေါ့လိပ်တံဆိပ်ပါ စွပ်ကျယ်လက်ပြတ်တစ်ထည် အပါအဝင် အညိုရောင်မိန်းမကိုင် ဆလင်းဘက် အိတ်တစ်လုံးကို သိမ်းဆည်းရမိခဲ့ပြီး မေ ၂၆ ရက် ညနေ ၃ နာရီခန့်တွင် လူသတ်တရားခံ ဖြစ်သူ မောင်ကျော်(ခ) အောင်ကျော်(ခ) သိန်းလင်းအောင် အသက်(၂၀နှစ်) (ဘ)ဦးဝင်းမြင့်အား သုံးဆယ်မြို့နယ် တောင်ပန်းဆွဲ ကျေးရွာ သုံးဆယ်ချောင်း ကူးတို့ဆိပ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ၏ ထွက်ဆိုချက်အရ ၎င်းသည် သေဆုံးသူ ဒေါ်တင်ထွေး၏သားဖြစ်သူ ကိုအာကာပိုင်၏ မုဒိတာလက်ဖက်ရည်ဆိုင်၌ ယခင်က အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး အကျင့်စာရိတ္တမကောင်း၍ လွန်ခဲ့သော တစ်လခန့်က ဒေါ်တင်ထွေးက အလုပ်ဖြုတ်ပြီး နေအိမ်မှ နှင်ထုတ်ခဲ့သဖြင့် ဒေါ်တင်ထွေးအား မုန်းတီး နေကြောင်း၊ ထို့ကြောင့် ဒေါ်တင်ထွေးအား သတ်ဖြတ်ပြီး ငွေများယူ ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ မေ ၂၅ရက် နံနက် ၁၀နာရီခွဲခန့်တွင် ဒေါ်တင်ထွေး နေအိမ်သို့ သွားရောက်ခဲ့ပြီး အလုပ်အကိုင် အဆင်မပြေသဖြင့် ပြန်လည်အလုပ်လုပ်လိုကြောင်း ဒေါ်တင်ထွေးအား ပြောဆိုခဲ့ကြောင်း၊ အလုပ်ရလျှင် သုံးလခန့် လုပ်လိုကြောင်း ပြောပြီး ရေသောက်ရန် ထိုင်ရာမှ ထစဉ် ခါးကြားမှ အသင့်ဆောင်ထားသော ခေါက်ဓားမှာ အောက်သို့ လျှောကျသွားသည်ကို ဒေါ်တင်ထွေး မြင်ပြီး "ဓားပြ၊ဓားပြ"ဟုအော်သဖြင့် ဒေါ်တင်ထွေးအား ဓားဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်တင်ထွေး၏ ခုတင်အောက်ရှိ သံသေတ္တာအတွင်းမှ ငွေနှင့် ရွှေထည်ပစ္စည်းများကို ယူဆောင်ခဲ့ကြောင်း သိရှိရသည်။

တရားခံယူဆောင်သွားသော ငွေဖြင့် ဝယ်ယူခဲ့သည့် ရွှေထည်ပစ္စည်းသုံးမျိုးနှင့် ငွေသား ကျပ်ရှစ်သိန်းခန့်ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ကျန်ရွှေ၊ငွေများကို သိမ်းဆည်းရမိရေး ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း၊ တရားခံအား ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ တရားခံအား ၂၄နာရီအတွင်း ဖမ်းဆီးရမိခြင်းမှာ ပြည်သူ လူထု၏ အားတက်သရော ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုကြောင့် ဖြစ်သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၅-၆-၂၀၀၆ (တနင်္လာနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရှင်သန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရှင်သန်းယောဂအစွမ်း
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၀** ၅။ လက်စွမ်းပြပာန်ဂီတသံ
- **၄:၄၅** ၆။ ရင်မှစွဲလမ်း တော်ဝင်ပန်း
- **၅:၀၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၁၅** ၈။ ကြည်နူးရှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၄၇)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" (အပိုင်း-၁၀)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

## ကမ္ဘာ့ဖလားပွဲအကြို သတင်းများ

# အင်္ဂလန်အသင်းချစ်ကြည်ရေးခြေစမ်း ဂျမေကာအသင်းကို ဂိုးပြတ်အနိုင်ရ

ချစ်ကြည်ရေး ခြေစမ်းပွဲတွင် တစ်ဦးတည်း သုံးဂိုးသွင်းပေးခဲ့သူ အင်္ဂလန်တိုက်စစ်မှူး ပီတာခရပ်ချ်။
(ဓာတ်ပုံ-အင်တာနက်)

မန်ချက်စတာ (အင်္ဂလန်) ဇွန် ၄

**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အင်္ဂလန်အသင်းနှင့် ဂျမေကာအသင်းတို့ မန်ချက်စတာတွင် စနေနေ့က ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရရှိသည်။ ခြေစမ်းပွဲတွင် အင်္ဂလန်အသင်းမှ တိုက်စစ်မှူး ပီတာခရပ်ချ် တစ်ဦးတည်းက သုံးဂိုးသွင်းယူကာ Hat -Trick ရရှိသည်။**

အင်္ဂလန်အသင်းနည်းပြ ဆဗန်ဂိုရန် အဲရစ်ဆင်သည် အင်္ဂလန်အသင်း၏ သမားရိုးကျကစားကွက် အခင်းအကျင်းပုံစံဖြစ်သော ၄-၄-၂ ပုံစံ ထိရောက်မှု ရှိ၊မရှိ ချစ်ကြည်ရေး ခြေစမ်းပွဲများတွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ ပီတာခရပ်ချ်နှင့် မိုက်ကယ်အိုဝင်တို့အတွဲကို ရှေ့တန်း၌ထားရှိခြင်းဖြင့် ပြိုင်ဘက်အသင်းကို ဖြိုခွင်းနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဆို၏။

အိုးထရက်ဖို့ဒ်ကွင်းတွင် ကျင်းပသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် အင်္ဂလန်အသင်း ဂိုးမြူးခဲ့သည်။ ပွဲချိန် ၁၁ မိနစ်တွင် အဖွင့်ဂိုးသွင်းယူပေးခဲ့သည့် ဖရန့်လမ်းပတ်၏ဂိုး၊ ၂၀၀၆ ခုနှစ်တွင် ပထမဆုံးအကြိမ် ဂိုးသွင်းနိုင်သည့် မိုက်ကယ်အိုဝင်၏ ဂိုးနှင့် ဂျမေကာမှ ဂျာမိန်းတေလာ၏ ကိုယ့်ဂိုးကိုယ်သွင်းသည့် ဂိုးတို့နှင့်အတူ အင်္ဂလန်အသင်း ခြေသာ ဂိုးသာ ကစားပြနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဂျာမနီနိုင်ငံသို့ မထွက်ခွာမီ ၄၈ နာရီအလိုတွင် ဂျမေကာအသင်းကို အနိုင်ရရှိခြင်းဖြင့် စိတ်ဓာတ်ရေးရာအရ အားတက်မှုဖြစ်ရသည်။

**အင်တာနက်။**

# ကမ္ဘာ့ဖလားပွဲအကြိုခြေစမ်းပွဲ ချက်အသင်းက ထရီနီဒက်အသင်းကို အနိုင်ရ

ပရာဟာ ဇွန် ၄

**ချက်သမ္မတနိုင်ငံအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ထရီနီဒက်နှင့် တိုဘာကို အသင်းနှင့် ချက်နိုင်ငံ ပရာဟာမြို့တွင် စနေနေ့က ယှဉ်ပြိုင်ကစားရာ ချက်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။**

ယခုကျင်းပသည့် ခြေစမ်းပွဲတွင် ချက်အသင်း၌ ဂျန်ခိုလာ ပါဝင်ကစားသည်။ ခိုလာသည် ဒူးခေါင်းခွဲစိတ်ကုသမှု ခံယူခဲ့ရပြီးနောက် လပေါင်းအတန်ကြာမျှ ဘောလုံးလောကမှ ပျောက်ကွယ်နေခဲ့ပြီးနောက် ချက်လက်ရွေးစင်အသင်းတွင် ပြန်လည်ပါဝင်လာခြင်းဖြစ်သည်။

ပွဲချိန် ခြောက်မိနစ်မျှသာကြာသေးချိန်တွင် ချက်အသင်းမှ တိုက်စစ်မှူး ခိုလာက ဂိုးသွင်းနိုင်ခဲ့သည်။ ယင်းနောက် ပွဲချိန် ၂၂ မိနစ်တွင် ကွင်းလယ်ကစားသူ နက်ဗက်ဒ်က ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့ပြီး ပထမပိုင်း မပြီးဆုံးမီ ငါးမိနစ်အလိုတွင် ခိုလာကပင် နောက်ထပ်တစ်ဂိုး သွင်းယူပေးခဲ့သည်။

ချက်လက်ရွေးစင်အသင်းမှ ဗလာဒီမီယာ စမိုက်ဆာသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားရန် ကနဦးအားဖြင့် ရွေးချယ်ခံခဲ့ရသော်လည်း ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် ၎င်း၏နေရာတွင် ရိန်းဂျားအသင်းမှ ကွင်းလယ်ကစားသမား လီဘာ ဆီယွန်ကိုအား အစားထိုးခဲ့သည်။

**အင်တာနက်။**

# နိုင်ငံတကာချစ်ကြည်ရေးပွဲ စပိန်က အီဂျစ်ကိုအနိုင်ရ

**စပိန်အသင်းမှ ဖာနန်ဒိုတောရက်စ် ကန်သွင်းသော ဘောလုံးကို အီဂျစ်ဂိုးသမား အက်ဆမ်အယ်လ်ဟာဒီရီ ကာကွယ်စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**အာချီ ဇွန် ၄**

နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် စပိန်အသင်းနှင့် အီဂျစ်အသင်းတို့ စပိန်နိုင်ငံအရှေ့ပိုင်း အာချီမြို့တွင် စနေနေ့က ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက အာဖရိကချန်ပီယံအီဂျစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲချိန် ၁၄ မိနစ်တွင် အိမ်ရှင်အသင်းအတွက် အဖွင့်ဂိုးကို ရာအူးလ်က သွင်းယူပေးခဲ့သည်။ ရီယဲမဒရစ်အသင်း၏ တိုက်စစ်မှူးရာအူးလ်သည် အောက်တိုဘာလနောက်ပိုင်းတွင် စပိန် လက်ရွေးစင်အသင်းအတွက် ဂိုးသွင်းပေးနိုင်ခဲ့ခြင်း မရှိသော်လည်း ယခုပွဲတွင် ဂိုးသွင်းနိုင်ခဲ့သည်။

**ဒုတိယမြောက်ဂိုး**

ပွဲချိန် ၅၆ မိနစ်တွင် အာဆင်နယ်အသင်းတွင် ကစားနေသည့် အင်တိုနီယိုရေးယက်စ်က စပိန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

**အင်တာနက်။**

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၁၅)ရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် လှိုင်သာယာမြို့နယ် ရွှေရင်အေးဈေးလမ်းနေ ဒေါ်ခင်စန်းဝေမိသားစုက မိခင်ကြီး ဒေါ်တင်မြိုင်အား အမှူးထား၍ ရန်ကုန်မြို့ မူလသဏ္ဍာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)

**အင်းစိန်မြို့ စဥ့်ငူရပ်ကွက် အောက်မင်္ဂလာဒုံလမ်းနေ ကိုဝဏ္ဏ-မအေးသန္တာဝင်း (ထွန်းရတနာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့က နှစ်ဖက်သောမိဘများကို အမှူးထား၍ အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့် စာရင်းစစ် ဦးမြတ်ဆွေတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။**
(ကြေးမုံ)



# မုတ်သုံလေ အားကောင်းမည်

**၂၀၀၆ ခုနှစ် ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်**
**ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၄ဒသမ၈၀လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ၃၆လက်မ၊ ပူတာအိုမြို့နှင့် ဖန်းမော်မြို့တို့တွင် ၂ဒသမ၁၇လက်မစီနှင့်မော်လမြိုင်မြို့တွင် ၁ဒသမ၇၇လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားကောင်းနေသည်။

**၂၀၀၆ ခုနှစ် ဇွန်လ ၅ ရက် ညနေထိ ခန့်မှန်းချက်**

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေအားကောင်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်)
**၃-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)

**၄-၆-၂၀၀၆**

| | | |
|---|---|---|
| ၀၉း၃၀နာရီအချိန် စိုထိုင်းဆ | ၈၁ ရာခိုင်နှုန်း | ၄-၆-၂၀၀၆ |
| နေပူသည့်နာရီပေါင်း | ၂ ဒသမ ၉ နာရီခန့် | ၃-၆-၂၀၀၆ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၄-၆-၂၀၀၆ | ၀ဒသမ၀၈လက်မ | ၀ဒသမ၁၉လက်မ | ၀ဒသမ၁၉လက်မ |
| ၁-၁-၂၀၀၆ရက်မှ ယနေ့အထိ | ၁၆ဒသမ၆၅လက်မ | ၂၁ဒသမ၅၇လက်မ | ၂၂ဒသမ၈၇ လက်မ |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃-၆-၂၀၀၆ရက် ၁၃း၁၀နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂ မိုင်နှုန်း တိုက်ခတ်သည်။

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

## အုပ်စု(က)အသင်းများ၏ ကစားကွက်နည်းဗျူဟာ

**ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို**

ဇွန် ၉ ရက်နေ့တွင် ဂျာမနီနိုင်ငံ မြူးနစ် အားကစားပြိုင်ဝင်းအတွင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို စတင်ကျင်းပမည်။ အားနှင့်မာန်နှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို တစ်ကမ္ဘာလုံးမှ ဘောလုံးဝါသနာရှင်များက အထူးစောင့်စားကြည့်ရှုကြရတော့မည်ဖြစ်သည်။

**အကျဉ်းချုပ်**

ကမ္ဘာ့ဖလားစတင်ကစားမည့်ရက်တွင် အုပ်စု(က)မှ အသင်းများ ဖွင့်ပွဲအဖြစ် ကစားကြရ လိမ့်မည်။ ထို့ကြောင့် အုပ်စု(က)မှ အသင်းများ၏ ဖြစ်နိုင်ဖွယ်ရှိသော ကစားကွက်အခြေအနေများကို အကျဉ်းချုပ်တင်ပြပေးသွားမည် ဖြစ်ပါသည်။

အိမ်ရှင်ဂျာမနီအသင်းသည် ဂိုးသမားကြီး အိုလီဗာခန်းနေရာသို့ အာဆင်နယ်ဂိုးသမား လေမန်းဖြင့် အစားထိုးလိုက်သည်။ ဤသို့အစားထိုးမှု မမှားကြောင်းကို နည်းပြ ကလင်းစမန်းက လာမည့်ပြိုင်ပွဲတွင် သက်သေပြရလိမ့်မည်။

လက်သင်နည်းပြ ကလင်းစမန်းသည် ၄–၄–၂ ပုံစံချ ကစားဖွယ်ရှိသည်။ ခြေစစ်ပွဲ မကစားခဲ့ရသောကြောင့် ၄–၄–၂ ပုံစံသည် ဘယ်ရွေ့ဘယ်မျှ ခိုင်မာကြောင်းကို ကလင်းစမန်း မသိရသေးဘဲရှိသည်။ သို့သော် ဘရပ်(စ်)အာရီနာ (အမေရိကန်) အသင်းနှင့် ခြေစမ်းပွဲကစားစဉ်က ကလင်းစမန်းသည် ၄–၃–၃ အထိုင်ချ ကစားခဲ့ဖူးသည်။ [ဤကစားကွက်ကို ပိုဒါစကီးရောက်မှသာ စမ်းသပ်ကစားခြင်းဖြစ်သည်။] ထိရောက်သော ကစားကွက်ဖြစ်သည်။ ၄–၁ ဖြင့် အနိုင်ရခဲ့သည်။

ဂျာမနီအသင်း၏ ကစားကွက်သည် မိုက်ကယ်ဘောလက်အပေါ်တွင် တည်

**ဂျာမနီအသင်း၏ အားထားရသော ကစားသမား မိုက်ကယ်ဘောလက်။**



သည်။ အသင်းကိုလည်း လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ နောက်တန်းမှာ ရောဘတ်ဟုသ်၊ အလယ်တန်းတွင် ရှဝိန်းစတိုင်ဂါတို့ဖြစ်သည်။ ကစားအားကောင်းသော်လည်း အတွေ့အကြုံ အနည်းငယ် လိုသေးသည်။

"အသင်းမှာ အသက်ကြီးတဲ့ ကစားသမားတွေမပါလည်း အကြောင်းတော့ မဟုတ်ပါဘူး။ လူငယ်တွေသုံးရင် အဆိုး၊ အကောင်းတော့ရှိမှာပဲ။ လူငယ်တွေနဲ့ အသင်းဖွဲ့တာဟာ ကောင်းပါတယ်။ အတွေ့အကြုံနည်းပေမယ့်လည်း လူငယ်တွေနဲ့ပဲ ကစားသွားမယ်"ဟု နည်းပြက ပြောပြသည်။

**ပုံစံပြောင်း**

အိမ်ရှင်နှင့်ကစားမည့် ကော်စတာရီကာကလည်း ၄–၄–၂ ပုံစံဖြင့် ကစားဖို့ လုပ်ထားသည်။ ခြေစစ်ပွဲကာလတွင် နည်းပြဆရာ ဂူမာရေးက ၃–၅–၂ ပုံစံပြောင်း ကစားခဲ့ဖူးသည်။ ထို့ကြောင့် လိုအပ်လာသည့်အချိန်တွင် ဂူမာရေးသည် ၃–၅–၂ ပုံစံပြောင်းကစားဖွယ်ရှိသည်။

ကော်စတာရီကာအသင်းမှာ နောက်တန်း အားနည်းချက်ရှိသည်။ ၎င်းအားနည်းချက်ကို ယခုတိုင်ပြုပြင် ဖာထေးနိုင်ခြင်း မရှိသေးချေ။

ပိုလန်အသင်းကသမားရိုးကျအတိုင်း ၄–၄–၂ အထိုင်ချ ကစားသွားလိမ့်မည်။ နည်းပြဆရာ ဂျာနတ်စ်က ဘေးစွယ်များမှ အဓိကပံ့ပိုးပေးရန် စီမံထားသည်။ ထို့နောက် ကွင်းလယ်မှနေပြီး ပြိုင်ဘက်များကို ခြိမ်းခြောက်ကစားမည်။ ကာဇီ

**ပိုလန်အသင်းမှ နာမည်ကြီးတိုက်စစ်မှူး မာဆီဇူရော့စကီး (ဆဲလ်တစ်ကလပ်အသင်း)၏ ကစားဟန်။**

### ဂမ်ဆိုင်း

နိုဝက်နှင့် ဆာမိုလာရက်တို့ကို ရှေ့တွင်မွေ့နှောက် ကစားခိုင်းလိမ့်မည်။

အီကွေဒေါ်အသင်းသည် အဖွင့်ပွဲတွင် နောက်တန်းလုံခြုံအောင် တည်ဆောက်ရန်လိုသည်။ အဓိကအားဖြင့် အီကွေဒေါ် နောက်တန်း အားနည်းသည်ကို ခြေစစ်ပွဲကာလတစ်လျှောက် တွေ့မြင်ခဲ့ရသည်။

"ချစ်ကြည်ရေးပြိုင်ပွဲတွေမှာ အဲဒီအားနည်းချက်ကို ပြုပြင်ဖာထေးသွားဖို့ စီမံထားပါတယ်"ဟု နည်းပြဆရာ ဖာနန်ဒိုဆွာရက်ဇ်က သူ့ပရိသတ်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

သူက "တောင်အမေရိကအသင်းတွေက အမြင့်ဘောကို ဘယ်လိုရှင်းထုတ်ပစ် ရမလဲဆိုတာ သိပ်မသိကြဘူးဗျ။ ဥရောပ ထွက်ကစားရင်တော့ အဲဒါပြဿနာပဲ။ အဲဒီအတွက် ကြိုတင်ပြင်ဆင်ထားရမယ်" ဟု ဆက်လက်ရှင်းပြသည်။

မည်သို့ပင်ဖြစ်စေ အီကွေဒေါ်အသင်းမှာ နောက်တန်းကို ဖာထေးပြုပြင်ပေးနိုင်သော ကစားသမားများရှိသည်။ ထို့အပြင် နည်းဗျူဟာလည်းရှိသည်။ ဤအတွက် စိတ်သက်သာမှုရစေသည်။ ပြိုင်ဘက်အသင်းများ၏ ထိုးဖောက်မှုကို ကွင်းလယ်မှနေပြီး ပိတ်ဆို့ကစားမည်။ ဘေးဘက်မှ ထိုးဖောက်ကစားဖို့ လုပ်ထားသည်။

အီကွေဒေါ်၏အဓိကကစားသမားမှာ အက်ဒီဆင်မန်ဒက်ဇ် ဖြစ်သည်။ ဆော်ရက်ဇ်က အတတ်နိုင်ဆုံး ရှေ့တန်းတိုက်စစ်ကို တွန်းအားပေးမည်။ အက်စတွန်ဗီလာမှ ဒီ၊ လာ၊ ခရက်ဇ်က ဘေးစွယ်မှ ခြိမ်းခြောက် ကစားလိမ့်မည် ဖြစ်သည်။

နည်းပြဆရာ ဖာနန်ဒိုဆွာရက်ဇ်က ၄–၄–၂ ပုံစံ အထိုင်ချ ကစားရသည်ကို နှစ်ခြိုက်သည်။ အကယ်၍ ၄–၅–၁ ပုံစံပြောင်းလဲ ကစားဖို့လိုအပ်လာခဲ့လျှင် ပြောင်းလဲကစားဖို့လည်း စီမံထားသည်။

**စမ်းသပ်သုံး**

အုပ်စု(က)တွင် အိမ်ရှင်ဂျာမနီသည် လူကြိုက်များသော အသင်းတစ်သင်းဖြစ်သည်။ သို့သော် အုပ်စုအတွင်းမှ အသင်းနှစ်သင်း ထွက်သွားရသည်ဖြစ်စေ (သို့တည်းမဟုတ်) တုန်လှုပ် ချောက်ချားစရာဖြစ်စေ တစ်ခုခုကိုမြင်ရလျှင် မအံ့ဩစေချင်။ ပွဲဦးထွက်ပွဲများတွင် အသင်းတိုင်းသည် နည်းပရိယာယ်ပိုင်းများကို သွေးတိုးစမ်းသည့်အနေဖြင့်စမ်းသပ်သုံးကြသည်။ ၎င်းမှာ လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အသင်းလေးသင်းစလုံးသည် တစ်သင်းထက်တစ်သင်းသာအောင် ကစားကြမည်ဖြစ်သည်။ ။

ရန်ကုန်မြို့ သန်လျက်စွန်း ဓနိတော ရေနံမိသားစုလိုင်းနေ ဦးဝေဇင်က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကွယ်လွန်သူ ဖခင်ဦးတင်မြင့်နှင့် မိခင်ဒေါ်ကြူမြိုင်တို့အား ရည်စူး၍ ဗုဒ္ဓဂယာတွင် ကျောင်းဆောင်အတွက်လှူဒါန်းငွေကျပ် ၁၀သိန်း၊ ဆရာ၊ဆရာမများအတွက် ကန်တော့ရန် ငွေကျပ်သုံးသိန်း၊ ကော့သောင်း သဲအင်းဂူရိပ်သာသို့ ငွေပဒေသာပင်ကျပ်နှစ်သိန်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ငွေကျပ်တစ်သိန်း၊ ရန်ကုန်နာရေးကူညီမှုအသင်းသို့ ငွေကျပ်တစ်သိန်း၊ မြိတ်မြို့ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်ကျပ်တစ်သိန်း၊ ဣန္ဒာရာမကျောင်းတိုက်သို့ ငွေပဒေသာပင်ကျပ်တစ်သိန်းပေးအပ်လှူဒါန်းပွဲကို ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမကြီး၌ပြုလုပ်ရာ အလှူရှင် ဒေါ်ရီရီဆွေမိသားစုက အလှူငွေကျပ် ၁၀သိန်းကို ကျောင်းဆောက်လုပ်ရေး အကျိုးဆောင် ဒေါ်မြရှင်သို့ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် သံလွင်လမ်းနေ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်–ဒေါ်ခင်ကြည်မိသားစု၊ ဆွေမျိုးများနှင့် ဓမ္မမိတ်ဆွေများက အလှူတော်ငွေကျပ် ၁၂၉၄၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀ ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)နှင့် အရှင်သီလက္ခန္ဓ(ဗုဒ္ဓဂယာ)ထံသို့ မေ ၁၄ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဇွန် ၂ ရက်က ခရမ်းမြို့ အမှတ်(၂)ရပ်ကွက်နေ နာရေးကူညီမှုအသင်း အကြံပေးအဖွဲ့ဝင် ဦးစန်းအောင်–ဒေါ်အမာကြည် မိသားစုက ခရမ်းမြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေထံ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က–ပ)




- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကျိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည့် —

**စိုးမြကျော် ၏**

**အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်**

**ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ**

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၄၄၅၊ ၂၉၉၀၀၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆


## တောင်သမန်သစ္စာဇာတ်ကား ဆက်လက်ပြသ

**ရန်ကုန် ဇွန် ၄**

မြို့လယ်ရုံများတွင် ပြသဆဲ မြန်မာဇာတ်ကား တောင်သမန်သစ္စာဇာတ်ကား ဆက်လက်ပြနေသည်။

### တောင်သမန်သစ္စာ

လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ကလျာ (ဝိဇ္ဇာ–သိပ္ပံ)၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အကယ်ဒမီမောင်နန္ဒနှင့် တွဲဖက်ဒါရိုက်တာ ဇော်မြင့်ဦး၊ ကိုအေးကျော်၊ အောင်သြဘာနှင့် စိုးကျော်ဆန်းတို့ ရိုက်ကူးသည့် **"တောင်သမန်သစ္စာ"** ဇာတ်ကားမှာ အကယ်ဒမီမောင်နန္ဒ မကွယ်လွန်မီ နောက်ဆုံးရိုက်ကူးသွားသည့် ဇာတ်ကားဖြစ်ပြီး တွဲဖက်ဒါရိုက်တာလေးဦး ပံ့ပိုးအားဖြည့်ထားသည့် ဇာတ်ကားတစ်ကား ဖြစ်သည်။

လှိုင်ရုပ်ရှင်၏ ပွဲဦးထွက်ဇာတ်ကားဖြစ်သည်နှင့်အညီ စီစဉ်သူ နွေးနွေးလှိုင်ကလည်း ဇာတ်ကားကိုဘက်ပေါင်းစုံမှ ပီပြင်သပ်ရပ်အောင် စီစဉ်ထား၍လည်း တစ်မျိုးတစ်ဘာသာ ဆန်းသစ်သည့် ဇာတ်ကားဖြစ်သည်။ မူရင်းဝတ္ထုမှာ အိမ်ထောင်ရေး ပညာပေးဝတ္ထုများကို ပီပြင်စွာ ရေးသားလာခဲ့သည့် စာရေးဆရာမကြီး ကလျာ(ဝိဇ္ဇာ–သိပ္ပံ) ဖြစ်သည်။ ဤဇာတ်ကားမှာ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာပါ ဘက်ပေါင်းစုံ သဘာရင့် အနုပညာရှင်များဖြစ်၍ ဇာတ်ကားမှာလည်း ပရိသတ်အားပေး ကြည့်ရှုမှုအားကောင်းနေဆဲ ဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ ရဲအောင်၊ ဒွေး၊ မေသန်းနု၊ နန္ဒာလှိုင်နှင့် နဝရတ်တို့ ခေါင်းဆောင် ပါဝင်ထားကြပြီး သမ္မတနှင့် သွင်ရုံတို့တွင် ပြသနေသည်။

ဝဇီရာရုံတွင် အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့်သက်မွန်မြင့်တို့ခေါင်းဆောင် ပါဝင်သည့် **"ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိကၡာ"** ဇာတ်ကား ဆက်လက်ပြသနေသည်။

### နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် နာမည်ကြီး ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်ဂ် ရိုက်ကူးပြီး မင်းသားချော တွမ်ခရုဇ်ပါဝင်သည့် War of The Worlds၊ ရွှေဆောင်ရုံတွင် ဒါရိုက်တာ ပီတာဂျက်ဆင် ရိုက်ကူးသည့် လူငယ်ကြိုက် King Kong ဇာတ်ကား၊ နေပြည်တော်ရုံတွင် အက်ရှင်ဇာတ်ကြမ်းကား ကြိုက်သူများအတွက် Aeonfluxဇာတ်ကားအပြင် ရွှေဂုန်ရုံအပေါ်ထပ်တွင် နာမည်ကြီး မင်းသား ဘရုစ်ဝီလီပါဝင်သည့် Die Hard-3 ဇာတ်ကားများ ပြသနေသည်။

### အိန္ဒိယရုပ်ရှင်

မြို့မရုပ်ရှင်ရုံတွင် မင်းသားဘော်ဘီဒိုး ပါဝင်ပြီး အကယ်ဒမီဆုရဇာတ်ကားဖြစ်သည့် Humraaz ၊ ရွှေဂုန်ရုံ အောက်ထပ်တွင် Nache Nagin Gali Gali မြဝတီလီမ္မာဇာတ်ကား၊ ဆုထူးပန်ရုံတွင် Yaaden ဇာတ်ကားနှင့် ဘုရင်ရုံတွင် Veer Zaara အိန္ဒိယရုပ်ရှင်ကားများ ပြသနေသည်။

(ကြေးမုံ)

### တောင်သမန်သစ္စာ

**ပြသဆဲ တောင်သမန်သစ္စာဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။**

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုမာသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်နှင်းရီက ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား အသက်အန္တရာယ်သတိထား၊ တွန်းလှန်နိုင်ဖို့ တို့ကြိုးစား ဆောင်ပုဒ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ဟောပြောသည်။ **(အပေါ်ပုံ)**

(၅၀၆)

**ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ဇွန် ၃ ရက်က အထက(၁)မြဝတီခန်းမတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာခင်သန်းအေး ပညာပေး ဟောပြောစဉ်။** (၅၃)

**သစ်တောသစ်ပင်**
**ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး**
**အလှတိုး**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ယုဇနဗိမာန်တော် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# သာကေတမြို့နယ် နတ်မောက်ကျောင်း ယုဇနဗိမာန်တော်ဖွင့်ပွဲနှင့် ရေစက်ချအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို ယုဇနဗိမာန်တော် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၄

**ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် ရှုခင်းသာလမ်းရှိ နတ်မောက်ကျောင်းအတွင်း၌ တည်ဆောက်ပြီးစီးသွားသော ယုဇနဗိမာန်တော်ဖွင့်ပွဲ အခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါကျောင်းရှိ ယုဇနဗိမာန်တော်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် ကြည်ညို၍ ယုဇနဗိမာန်တော် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၊ ရန်ကုန်တိုင်း ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး နတ်မောက်ကျောင်း ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဧည့်သည်များ၊ အလှူရှင် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက ဓမ္မပူဇာ တေးများဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် ယုဇနဗိမာန်တော်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ဗိမာန်တော်ရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်ကျရောက်သည်နှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အလှူရှင်ယုဇနကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးဋ္ဌေးမြင့်နှင့် ယုဇနကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်တို့က

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

☆ *ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းများအားလုံးက ယာဉ်စည်းကမ်းများကို အလေးထား၍ တိကျစွာ လိုက်နာမောင်းနှင်ခြင်း၊ ခရီးသွားပြည်သူများ အနေဖြင့် လမ်းစည်းကမ်းများနှင့်အညီ အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ခရီးသွားပြည်သူတိုင်း ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

☆ *လူတိုင်းကျန်းမာ၍ သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရန် ကံ၊စိတ်၊ဥတု၊အာဟာရ ဟူသည့် အကြောင်းတရားလေးပါး ဖောက်ပြန်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။*

ဆရာဦးဇော်ဝင်း(စိမ်ကိန်း-ငြိမ်း)၏ **“လူတိုင်းကျန်းမာ အသက်ရှည်စွာနေထိုင်နိုင်ရေး”**

ဆောင်းပါး (စာမျက်နှာ-၃)

## အင် တာ နက် သ တင်း

### ကန်တပ်ဖွဲ့ဝင်များ ထိခိုက်မှုမှ ရှောင်ရှားနိုင်ရန် ကင်းလှည့်စက်ရုပ်ယာဉ် အီရတ်တွင် အသုံးပြုမည်

**ဘယ်လာဟက်ဆီ(ဖလော်ရီဒါ)**

**ဇွန် ၄**

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများက လက်လုပ်ဗုံးများအသုံးပြု၍ တိုက်ခိုက်နေမှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းများဖြစ်ပေါ်နေသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်မှုမှ ရှောင်ရှားနိုင်စေရန် သိပ္ပံပညာရှင်တစ်ဦးက စက်ရုပ်ယာဉ်တစ်စီးကို တီထွင်စမ်းသပ်လျက်ရှိကြောင်း ဇွန် ၄ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ်အတွင်း လမ်းဘေးထောင် လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်များ သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်း ဖြစ်ရပ်တို့ အမြဲတစေ ပေါ်ပေါက်လျက်ရှိရာ ဖလော်ရီဒါပြည်နယ် အေအင်န်အမ်တက္ကသိုလ်မှ စက်မှုအင်ဂျင်နီယာ ပါမောက္ခ အင်မင်နျူယယ်ဂျီကောလင်းစ်က မောင်းသူမဲ့ ကင်းလှည့်ယာဉ်တစ်စီးကို စက်ရုပ်နည်းပညာဖြင့် တီထွင် ဖန်တီးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အီရတ်နိုင်ငံတွင် ဝေဟင်မှ ကင်းထောက်မှုများ ပြုလုပ်နိုင်ရန် မောင်းသူမဲ့ လေယာဉ်ငယ်များကို

ဗုံးရှာဖွေနိုင်သော စက်ရုပ်ယာဉ်ကို တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

အသုံးပြုလျက်ရှိပြီး ဖြစ်ကြောင်း၊ မြေပြင် ကင်းလှည့်မှုများအတွက် မောင်းသူမဲ့ယာဉ်ထုတ်လုပ်ရန်မှာမူ များစွာ အခက်အခဲရှိကြောင်း၊ သို့ရာတွင် အီရတ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များ ထိခိုက်ရမှုလျော့ချနိုင်စေရန် မောင်းသူမဲ့ စက်ရုပ်ယာဉ်ကို တီထွင်ရခြင်းဖြစ်ကြောင်း ကောလင်းစ်က ပြောကြားသည်။

***အင်တာနက်။***